**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံအရေးတို့အရေးမို့ နိုင်ငံသားတိုင်းမဲပေးကြစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၃၇)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီဖွဲ့စည်း**

စာ - ၃ သို့

**တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းသွားလာလှုပ်ရှား လျက်ရှိ**

စာ - ၁၂ သို့

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု (B) ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၁၁ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်)

# လက်ရုံးရည်နှင့်နှလုံးရည်ပြည့်ဝသည့် သမားဇာနည်အောင်စစ်သည်

လူသားတိုင်းအတွက်အလိုအပ်ဆုံးအရာမှာ ကျန်းမာရေးကောင်းမွန်ခြင်းဖြစ်သည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ ကျန်းမာမှပညာသင်ယူနိုင်မည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆရာဝန်ကောင်းများရှိနေရမည်ဖြစ်သည်။ တပ်မတော်ဆေးတက္ကသိုလ်မှ တပ်မတော်သားဆရာဝန်များကိုမွေးထုတ်ပေးလျက်ရှိသည်။ သင်ကြားပေးလိုက်သောဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင်အကျိုးရှိစွာအသုံးချဆောင်ရွက်ကြရမည်ဖြစ်သည်။ တပ်မတော်နယ်လှည့်အထူးကုဆေးတပ်ဖွဲ့ဝင်များဖြင့်လည်း ပြည်သူ့ကျန်းမာရေးဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်၏အဓိကတာဝန်များတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ တာဝန်ကြီးသုံးရပ်ရှိသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များမှာ များပြားလှသည်။ ပြည်သူများသဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကိုဆောင်ရွက်ရသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုပိုမိုဆောင်ရွက်ရန် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်း လိုက်လံဆေးကုသပေးလျက်ရှိသည်။ နယ်လှည့်ဆေးကုသရေးယာဉ်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ဆေးဝါးကုသပေးနေသကဲ့သို့ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွားဆေးရုံရေယာဉ်တို့ဖြင့်လည်း ပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုပြုလျက်ရှိသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တပ်မတော်အနေဖြင့် စေတနာ၊ မေတ္တာအမှန်ဖြင့်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်ဆေးတက္ကသိုလ်က တပ်မတော်သားဆရာဝန်များကို မွေးထုတ်ပေးလျက်ရှိသည်။ တပ်မတော်သားဆရာဝန်များမှာ စစ်ဘက်ခေါင်းဆောင်ငယ်များလည်းဖြစ်သည်။ ခေါင်းဆောင်မှုအရည်အချင်းနှင့်ပြည့်ဝအောင်၊ ဆေးဘက်ဆိုင်ရာပညာရပ်များလည်း တတ်မြောက်အောင်သင်ကြားပေးသည်။ သူတို့သည်မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့်နှလုံးရည်နှင့်ပြည့်ဝကြသည်။ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်ခေါင်းဆောင်ကောင်းများဖြစ်ရန် "ပညာပြည့်ဝ နှလုံးလှ" အောင် တပ်မတော်ဆေးတက္ကသိုလ်ကသင်ကြားပေးလိုက်ပြီးဖြစ်သလို တစ်ဦးချင်းကလည်း အမြဲလေ့ကျင့်တည်ဆောက်နေကြရမည်ဖြစ်သည်။ ဆေးတပ်ဖွဲ့၏သမိုင်းအစဉ်အလာကောင်းများကိုလည်း "သမားဇာနည် အောင်စစ်သည်" ဟူသည့်အတိုင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)သည် သင်တန်းကာလပြီးမြောက်ခဲ့ပြီဖြစ်သည်။ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တာဝန်ကျေပွန်ပြီး တတ်ကျွမ်းထားသည့်ဆေးပညာနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တပ်မတော်သားခေါင်းဆောင်ငယ်ဆရာဝန်ဆေးမှူးများဖြစ်သဖြင့် မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့်နှလုံးရည်၊ ကြံ့ခိုင်သည့်ရဲစွမ်းသတ္တိများပြည့်စုံပြီး နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

သမားဇာနည်အောင်စစ်သည်များအနေဖြင့် ဘဝခရီးတစ်လျှောက်တွင် ရည်မှန်းချက်များမပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ကြိုးစားအားထုတ်မှုရှိမှသာ ဘဝရပ်တည်မှုမြင့်မားမည်ဖြစ်သည်။ အခြေခံပညာအထက်တန်းတွင် မြင့်မားသောရမှတ်များဖြင့်အောင်မြင်ခဲ့သည့်အတွက် သမားဇာနည်အောင်စစ်သည်များဖြစ်လာရခြင်းဖြစ်သည်။ အခြေခံကောင်းများရှိထားပြီးဖြစ်သည့်အတွက် မိမိကိုယ်ကိုတန်ဖိုးထားကာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသော ဖြူစင်ကောင်းမွန်သည့်စိတ်ထားဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ တပ်မတော်နှင့်နိုင်ငံတော်၏ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦးပီသစွာနေထိုင်ကျင့်ကြံပြီး ပေးဆပ်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် သမားဇာနည်အောင်စစ်သည်များအနေဖြင့် တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွင်ထူးချွန်စွာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၁၇

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မုံရွာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မတ်ပဲသီးနှံရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မုံရွာ ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသောမတ်ပဲသီးနှံ ရာနှုန်းပြည့်ကေရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မုံရွာခရိုင်မှာ မတ်ပဲသီးနှံ ၂၁၈၃ ဧကအထိပဲ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့တယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေး ပိုစတာများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ဒီဇင်ဘာလ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝေလျှံထွေးနှင့် တာဝန်ရှိသူများက မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအနေဖြင့် မဲရုံမီးဘေးလုံခြုံရေးအတွက် မီးဘေးအသိပညာများ နားလည်သိရှိနိုင်ရေးအတွက် ဟောပြောပွဲအား ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတွင် မီးဘေးအန္တရာယ်ကင်းဝေးရေးသည်လည်း အရေးပါသည့် ကိစ္စရပ်ဖြစ်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအား သိရှိနားလည်ရန်လိုအပ်ကြောင်း၊ မဲရုံများမီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ရှောင်ရှားရမည့်အချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်လုပ်ငန်းစဉ်များအား အသိပညာပေးဟောပြောသည်။

ထို့နောက် မီးလောင်မှုအား မီးသတ်ဆေးဘူး အပါအဝင် အခြားသောနည်းလမ်းများဖြင့် မီးငြိမ်းသတ်နည်းအားသရုပ်ပြ၍ မဲရုံတာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေကြောင်း သိရသည်။

(၄၁၃)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၅၂ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဥက္ကဋ္ဌ/ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊<br>တိုင်းဒေသကြီး/ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး<br>နှင့် ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယတပ်မတော်စစ်ဘက်<br>ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (တ) | ဒုတိယရဲချုပ်(၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် လိုအပ်သည့်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ၌ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြောင်းမြမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဆောင်ရွက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေသာလျောင်းဘုရားကြီးတန်ဆောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြောင်းမြမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ဥပဒေနှင့်အညီစိစစ်ကာ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် One Stop Service ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Unique ID ကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ မြကန်သာရပ်ကွက်ရှိ မေတ္တာမွန်ဘိုးဘွားရိပ်သာ၌ ရိပ်သာမှ တာဝန်ရှိသူများ၊ အဘိုးအဘွားများနှင့် တွေ့ဆုံပြီး အဘိုးအဘွားများအနေဖြင့် မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးနှင့် မဲစာရင်းတွင် အမည်စာရင်းပါရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲစာရင်းတွင် အမည်စာရင်း ပျောက်ဆုံး၊ ပျက်စီးပါက မိတ္တူလျှောက်ထားရယူကိုင်ဆောင်နိုင်ရေး၊ လူတစ်ဦးချင်း၏ Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုနှင့် အဘိုးအဘွားများ UID နံပါတ်ထုတ်ပေးနိုင်ရေးအခြေအနေ၊ အဘိုးအဘွားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု မေးမြန်းကာ အဘိုးအဘွားတစ်ဦးချင်းထံ အလှူငွေနှင့် စားသောက်ဖွယ်ရာများ၊ ရိပ်သာအတွက်ဆိုလာမီးများနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ စစ်မှုထမ်းဟောင်းများနှင့်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးနှင့် မဲပေးနိုင်ရေးအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ပျောက်ဆုံး၊ ပျက်စီးမှုများအား သက်ဆိုင်ရာ လ.ဝ.ကရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဆိုလာမီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် သမားဇာနည်အောင်စစ်သည်တို့၏စကားသံများ

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် တပ်မတော်ဆေးတက္ကသိုလ်၏ရည်ရွယ်ချက်နှင့်အညီ တပ်မတော်သားဆေးဘက်ဆိုင်ရာအရာရှိများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိရာ ယခုဆိုလျှင် အမှတ်စဉ်(၂၆)တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်ဆေးတက္ကသိုလ်၏ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲမှ သင်တန်းနည်းပြအရာရှိနှင့် သင်တန်းဆင်းသမားဇာနည်အောင်စစ်သည်တို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**



**ဗိုလ်မှူးချုပ် ခင်အောင်ထွန်း (ပါမောက္ခချုပ်)**



**ဗိုလ်လောင်းအောင်ကျော်မိုး (အောင်စစ်သည်ဆု)**



**ဗိုလ်လောင်းစွမ်းရည်ထည် (လေ့ကျင့်ရေးထူးချွန်ဆု)**



**ဗိုလ်လောင်းမင်းဖုန်းသန့်အောင် (စာပေထူးချွန်ဆု)**

### ဗိုလ်မှူးချုပ် ခင်အောင်ထွန်း (ပါမောက္ခချုပ်)

တပ်မတော်ဆေးတက္ကသိုလ်ကို ၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၉ ရက်က ၃၃ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ ဆေးသိပ္ပံပညာရှင် အရာရှိကောင်းတွေကို မွေးထုတ်ပေးဖို့ဖြစ်ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားနိုင်ဖို့အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူတွေကို ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်လျှောက်ထားဖို့ နှစ်စဉ် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကနေ ကြေညာပြီး ခေါ်ယူနေပါတယ်။ ၂၀၂၃-၂၀၂၄ လေ့ကျင့်ရေးနှစ်ကစတင်ပြီးတော့ အမျိုးသားဗိုလ်လောင်းတွေသာမက အမျိုးသမီးဗိုလ်လောင်းတွေကိုလည်း စတင်ခေါ်ယူပြီး လေ့ကျင့်သင်ကြားပေးနေပါတယ်။

ကျောင်းဆင်းပွဲမှာ ထူးချွန်ဆု သုံးဆု ချီးမြှင့်ပေးအပ်ပါတယ်။ အောင်စစ်သည်ဆုက သင်တန်းကာလ ခုနစ်နှစ်အတွင်း နှစ်အလိုက်ရရှိတဲ့စစ်ပညာနဲ့ စာပေရမှတ်တွေကိုစုပေါင်းပြီး အဆင့်အမြင့်ဆုံး ရရှိတဲ့ဗိုလ်လောင်းကို ရွေးချယ်တာဖြစ်ပါတယ်။ လေ့ကျင့်ရေးထူးချွန်ဆုကတော့ စိတ်ဓာတ်၊ စည်းကမ်း၊ စစ်ပညာဘာသာရပ်ဆိုင်ရာမှာ အမှတ်အများဆုံးရတဲ့ ဗိုလ်လောင်းဖြစ်ပြီး စာပေထူးချွန်ဆုအတွက် သင်တန်းကာလ ခုနစ်နှစ်အတွင်း စာပေရမှတ် အဆင့်အမြင့်ဆုံးရရှိတဲ့ ဗိုလ်လောင်းကိုရွေးချယ်တာဖြစ်ပါတယ်။

ပထမဦးစွာ ဘွဲ့ကြိုသင်တန်းဖြစ်တဲ့ ဆေးပညာဘွဲ့သင်တန်းသင်ကြားနေတဲ့ နည်းစနစ်ကို ရှင်းလင်းပြောပြချင်ပါတယ်။ ၁၉၉၂ ခုနှစ် တပ်မတော်ဆေးတက္ကသိုလ် စတင်ဖွင့်လှစ်စဉ်ကတည်းက အရပ်ဘက်ဆေးတက္ကသိုလ်တွေမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ သင်ရိုးညွှန်းတမ်းကိုနမူနာယူပြီး တပ်မတော်နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးသားအသုံးပြုခဲ့ပါတယ်။ သင်တန်းကာလကလည်း အရပ်ဘက်ဆေးတက္ကသိုလ်တွေ နည်းတူပဲဖြစ်ပါတယ်။ ခေတ်စနစ်တွေနဲ့အညီ ပြောင်းလဲတိုးတက်လာတဲ့ ပညာရေးဆိုင်ရာ အယူအဆတွေနဲ့ သီအိုရီတွေအရ သင်ကြားရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့လိုအပ်လာတဲ့အတွက် ၂၀၁၇ ခုနှစ်မှာ သင်ရိုးညွှန်းတမ်းအသစ်ကို စတင်အသုံးပြုခဲ့ပါတယ်။

သင်တန်းကာလအနေနဲ့ကတော့ အဲဒီတုန်းက ဆေးပညာအခြေခံနှစ်ပါဝင်ပြီး ပထမနှစ်ကနေ ပဉ္စမနှစ်၊ အလုပ်သင်ဆရာဝန်တစ်နှစ် စုစုပေါင်း ခုနစ်နှစ်ကြာမြင့်ခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေက ဒွါဒသမတန်းအထိ တက်ရောက်သင်ယူပြီးသူတွေ ဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေအရ ၂၀၂၄-၂၀၂၅ လေ့ကျင့်ရေးနှစ်ကစပြီး ဆေးပညာဘွဲ့သင်တန်းကာလကို အလုပ်သင်ဆရာဝန်ကာလအပါအဝင် ခြောက်နှစ်၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့သင်တန်းကာလကို အလုပ်သင်ဆရာဝန်ကာလအပါအဝင် ငါးနှစ် ပြောင်းလဲသတ်မှတ်သင်ကြားနေပါတယ်။ အဲဒီသင်တန်းကာလ ပြောင်းလဲသင်ကြားမှုကလည်း အရပ်ဘက်ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေနဲ့အတူတူ ပြောင်းလဲသင်ကြားခဲ့တာဖြစ်ပါတယ်။ ပါရဂူဘွဲ့သင်တန်းတွေက သုံးနှစ်မှ လေးနှစ်၊ ဆေးပညာ မဟာသိပ္ပံသင်တန်းတွေက ဘာသာရပ်အလိုက် နှစ်နှစ်၊ သုံးနှစ် သို့မဟုတ် လေးနှစ်ကြာမြင့်ပြီး ဒီပလိုမာသင်တန်းတွေကတော့ ယေဘုယျအားဖြင့် တစ်နှစ်သတ်မှတ်ထားပါတယ်။

စာမေးပွဲတွေစစ်ဆေးတဲ့အခါတိုင်းမှာလည်း အရပ်ဘက်တက္ကသိုလ်တွေက ပါမောက္ခဆရာကြီး၊ ဆရာမကြီးတွေကို တွဲဖက်စာစစ်၊ ပြင်ပစာစစ်ပုဂ္ဂိုလ်တွေအဖြစ် ဖိတ်ကြားပြီး ပါဝင်စစ်ဆေးပါတယ်။ ဆေးပညာမဟာသိပ္ပံ၊ ပါရဂူဘွဲ့သင်တန်းတွေမှာတော့ အရပ်ဘက်ဆေးတက္ကသိုလ်တွေ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေနဲ့ပေါင်းစပ်ပြီး စာမေးပွဲတွေကို အလှည့်ကျတာဝန်ယူဆောင်ရွက်တဲ့ Convener System ကို လိုက်နာဆောင်ရွက်ပါတယ်။

ဗိုလ်လောင်းတွေက ဒုတိယနှစ်ပြီးမြောက်တဲ့အထိ တပ်မတော်ဆေးတက္ကသိုလ်မှာအခြေပြုပြီး စာပေပညာတွေ သင်ကြားရပါတယ်။ တတိယနှစ်ကနေ ပဉ္စမနှစ်အထိ သုံးနှစ်လုံးလုံး သင်ကြားရေးဆေးရုံကြီးတွေမှာ အခြေပြုသင်ကြားရပါတယ်။ အလုပ်သင်ဆရာဝန်ကာလ တစ်နှစ်ကတော့ ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ကြရတာဖြစ်ပါတယ်။ ဆေးပညာ ပထမနှစ်နဲ့ ဒုတိယနှစ်တွေကတည်းက လက်တွေ့ဆေးကုသမှုလုပ်ငန်းတွေကို စောစီးစွာထိတွေ့နိုင်ဖို့ Early Clinical Exposure ဆိုတဲ့အစီအစဉ်နဲ့ ဆေးရုံမှာတွေ့ကြုံရလေ့ရှိတဲ့ အခြေအနေတွေကို ထိတွေ့သင်ကြားတာလည်း ရှိပါတယ်။ အဲဒီအတွက် တပ်မတော်ဆေးတက္ကသိုလ်မှာ ဆေးပညာပုံတူပြုလေ့ကျင့်ရေးဌာနနဲ့ သက်မဲ့ခန္ဓာအသုံးပြုခွဲစိတ်လေ့ကျင့်ရေးဌာနတွေကိုလည်း ထူထောင်ထားရှိပါတယ်။

ဆေးပညာ၊ စစ်ပညာ၊ အုပ်ချုပ်မှုအတတ်ပညာအသီးသီးကို ကောင်းစွာအောင်မြင် ပေါက်မြောက်ကြပြီးတော့ ဆေးပညာဘွဲ့နဲ့ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့အသီးသီးကို အပ်နှင်းခြင်းခံကြရတဲ့ တပည့်ဆရာဝန်တွေအတွက် တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်။ တပ်မတော်အရာရှိကောင်း၊ ဆရာဝန်ကောင်းတို့ လိုက်နာစောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်သိက္ခာတွေကို အတိအကျလိုက်နာစောင့်ထိန်းပြီး ပြည်သူလူထုနဲ့ တပ်မတော်သားတွေရဲ့ ယုံကြည်အားကိုးမှုကို ခံယူထိုက်တဲ့ အရာရှိတွေဖြစ်နေအောင် ကြိုးစားကြဖို့တိုက်တွန်းပြောကြားလိုပါတယ်။

### ဗိုလ်လောင်းအောင်ကျော်မိုး (အောင်စစ်သည်ဆု)

ကျွန်တော်က မကွေးတိုင်းဒေသကြီးကဖြစ်ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ်ကိုတက်ရောက်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ တပ်မတော်သားဆရာဝန်ကောင်းတစ်ဦးဖြစ်ချင်လို့ တက်ရောက်ခဲ့တာပါ။ ပထမနှစ်ကနေစပြီး တပ်မတော်ဆေးတက္ကသိုလ်ကနေချမှတ်ထားတဲ့ စည်းကမ်းတွေ၊ စာပေပိုင်းဆိုင်ရာတွေကို နေ့စဉ်ကောင်းမွန်စွာနဲ့ အစဉ်တစိုက် ကြိုးစားလေ့လာခဲ့ပါတယ်။ စာတွေ့ရော လက်တွေ့ပါသင်ကြားပြသပေးတာတွေကို လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးမိပါတယ်။ ဒီဆုနဲ့ထိုက်တန်အောင် တပ်မတော်ကပေးအပ်ထားတဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်သွားပါမယ်။ နိုင်ငံတော်နဲ့တပ်မတော်က အားကိုးရတဲ့ တပ်မတော်သားဆရာဝန်ကောင်းတစ်ဦးဖြစ်အောင် လုပ်ဆောင်သွားမယ်လို့လည်း ကတိပြုပါတယ်။

ကျွန်တော် ကျောင်းဆင်းပြီးသွားတဲ့နောက်မှာတော့ တပ်မတော်သားတွေ၊ ပြည်သူလူထုတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အချိန်မရွေး၊ နေရာမရွေး စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို ပေးအပ်တဲ့တာဝန်တွေကိုလည်း ကျေပွန်အောင်ထမ်းဆောင်သွားပါမယ်။

### ဗိုလ်လောင်းစွမ်းရည်ထည် (လေ့ကျင့်ရေးထူးချွန်ဆု)

ကျွန်တော်က ဗိုလ်လောင်းအမှတ် ၅၆၈၇ ဗိုလ်လောင်းစွမ်းရည်ထည်ဖြစ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ် ဘီးလင်းမြို့ကဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ဆုကတော့ လေ့ကျင့်ရေးထူးချွန်ဆုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သင်တန်းတက်စဉ်ကာလအတွင်း ဆေးပညာရပ်တွေအပြင် စည်းကမ်းပိုင်းဆိုင်ရာနဲ့ လေ့ကျင့်ရေးပိုင်းဆိုင်ရာတွေကို သင်တန်းတက်စဉ်ကာလတစ်လျှောက် အကောင်းဆုံးကြိုးစားနေထိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီဆုရရှိခဲ့တာလို့ ကျွန်တော်ထင်ပါတယ်။ တပ်မတော်သားအရာရှိတစ်ယောက်ဖြစ်ချင်တာရယ်၊ ဆေးပညာရပ်ကိုလည်း စိတ်ဝင်စားမှုရှိတာရယ်ကြောင့် တပ်မတော်ဆေးတက္ကသိုလ်ကိုတက်ရောက်ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်မိဘတွေက တပ်မတော်ဆေးတက္ကသိုလ်တက်ရောက်တာကို အထူးအားပေးကြပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားတွေနဲ့ တိုင်းရင်းသားပြည်သူတွေအပေါ်မှာ နိုင်ငံ့သားကောင်းပီသစွာနဲ့ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားမှာဖြစ်ပါတယ်။

### ဗိုလ်လောင်းမင်းဖုန်းသန့်အောင် (စာပေထူးချွန်ဆု)

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်က ဖြစ်ပါတယ်။ ကျွန်တော် စာပေထူးချွန်ဆုရရှိဖို့ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိကို တစ်နေ့စာ တစ်နေ့ ပုံမှန်လုပ်ပါတယ်။ ဆရာတွေသင်ကြားပေးတာကို သေချာလေ့လာမှတ်သားပါတယ်။ စာမေးပွဲတိုင်းမှာလည်း ဂုဏ်ထူးအများဆုံးပါအောင် ဖြေဆိုခဲ့ပါတယ်။ ကျောင်းဆင်းပြီးသွားရင် တပ်မတော်သားအရာရှိလည်းဖြစ်တယ်၊ ဆရာဝန်လည်း ဖြစ်တယ်ဆိုတော့ တပ်မတော်သားမိသားစုဝင်တွေအပြင် ပြည်သူလူထုကိုလည်း ဆေးကုသမှုတွေပြုလုပ်ပေးပါမယ်။ တခြားအုပ်ချုပ်ရေးပိုင်းမှာလည်း အရာရှိကောင်းတစ်ယောက်အနေနဲ့ အကောင်းဆုံးတာဝန်ထမ်းဆောင်သွားပါမယ်။ နောက်တက်ရောက်ကြမယ့် ညီငယ်၊ ညီမငယ်တွေကိုလည်း တပ်မတော်ဆေးတက္ကသိုလ်က ချမှတ်တဲ့စည်းကမ်းတွေကို လိုက်နာပြီး ကြိုးစားကြဖို့ မှာချင်ပါတယ်။

*ရန်ကုန်သတင်းအဖွဲ့*




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

■ **ကျောဖုံးမှအဆက်**

ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့်ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမူဝါဒနှစ် (၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးဖြင့် ထွက်ခွာသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တာဝန်ရှိသူများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက မူးယစ်ဆေးဝါး ပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ UNODC ၏ စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ မူးယစ်ဆေးဝါး သုံးစွဲသူဦးရေ ၃၁၆ သန်းခန့်ရှိကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည်ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း၊

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဖြစ်ပေါ်နေသော အခြေအနေအပေါ် အခွင့်ကောင်းယူပြီး ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သော မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အခြားနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်ပြီး မူးယစ်ဆေးဝါးများကို ၎င်းတို့ နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိကြောင်း၊

ဘိန်းခင်းဖျက်ဆီးမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆက်စပ်ဦးစီးဌာနများ ပူးပေါင်းပြီး နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ နှစ်စဉ် ဖျက်ဆီးလျက်ရှိရာ ယခုနှစ်တွင်လည်း ယခင်ကထက် တိုးမြှင့်ဖျက်ဆီးနိုင်ရန် အင်တိုက်အားတိုက်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်(မဲနယ်တောင်တန်းနှင့် ပွန်ချောင်းကြားဒေသ)တွင် ကျေးရွာ ၆၅ ရွာ၊ ထိုင်းနိုင်ငံ ONCB နှင့်ပူးပေါင်း၍ မယ့်ဖားလုံဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားဒေသတွင် ကျေးရွာ ၉၉ ရွာ၊ UNODC နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး၊ လွိုင်လင်နှင့် တောင်ကြီးမြို့နယ်တို့တွင် ကျေးရွာ ၇၅ ရွာတို့၌ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

လက်ရှိကာလတွင် လူငယ်များအတွင်း စီးကရက်၊ E စီးကရက်နှင့် Vape အသုံးပြုမှုများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြောင်း၊ Vape တွင်အသုံးပြုသည့် Etomidate သည် ကက်တမင်းနှင့် အကျိုးသက်ရောက်မှုအတူတူဖြစ်ပြီး အခြားမူးယစ်ဆေးဝါးများလည်း ရောနှောအသုံးပြုနိုင်၍ အချို့နိုင်ငံများတွင် Vape နှင့် Etomidate သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကန့်သတ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်မှု၊ တရားမဝင် ရောင်းဝယ် ဖောက်ကားမှုနှင့် အလွဲသုံးမှုများကို ပိုမိုထိန်းချုပ်နိုင်ရေးအတွက် စိစစ်ကြပ်မတ်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် အခြားဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာတွင် အစားထိုးအသုံးပြုနိုင်သော ဓာတုပစ္စည်းမျိုးကွဲများ၊ ကြားခံဓာတုပစ္စည်းများကို ပြဋ္ဌာန်းဥပဒေများမှရှောင်လွှဲပြီး နည်းလမ်းမျိုးစုံအသုံးပြုကာ ချက်လုပ်လာသည့်အတွက် သေချာစွာ စိစစ်ကြပ်မတ် ရန်လိုကြောင်း၊ ဓာတုပစ္စည်းများ လမ်းလွှဲရောက်ရှိမှုမှ မူးယစ်ဆေးဝါး ထုတ်လုပ်သူများထံသို့ မရောက်ရှိစေရေးအတွက် ဓာတုပစ္စည်းတင်သွင်းမှုကို ယခုထက်ပိုမိုပြီး စနစ်တကျထိန်းချုပ်ဆောင်ရွက်နိုင်မည့် ဆိပ်ကမ်းတစ်ခုတည်းမှသာ ဝင်/ထွက်ခွင့် ပြုသည့် စနစ်တစ်ခု (Single Port Entry) ထူထောင်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚C | / | ၃၀˚C |
| ရန်ကုန် | ၂၁˚C | / | ၃၂˚C |
| မန္တလေး | ၁၆˚C | / | ၃၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၁၀-၁၂-၂၀၂၅ ရက်နေ့ ခာတ်သတ္တု(ရွှေ)

ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၆) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍သတ်မှတ်နေရာများတွင်နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက်ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။




တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်း ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းစဉ်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည်တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး)စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာရှိ တိုက်နယ်ဆေးရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၈ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ၂၇ဦး၊ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၁၄၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၆၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၆၅၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၄ ဦး၊ သွားနုတ်/သွားဖာလူနာ ၂၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၆ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။







အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မနာမည်က ဇင်ဖြူဖြူထက်ပါ။ သဲအိမ်ကျောင်းစု ပတုတ်ကျေးရွာကလာပြီးတော့ သွားဖုံးကသွေးထွက်နေလို့ လာပြီးပြတာပါ။ မြင်းကကုန်းဆေးရုံကနေပြီးတော့ သင်္ဘောနဲ့မြစ်ထဲမှာလိုက်ပြီးတော့ ကြိုပြီးတော့ အကြောင်းကြားထားပါတယ်။ သွားဆရာဝန်ပါတယ်။ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ပါတယ်။ အရိုး/အကြောဆရာဝန်ပါတယ်။ ဓာတ်မှန်ဆရာဝန်ပါတယ်။ ပြီးတော့ သားဖွား/မီးယပ်ဆရာဝန်ပါတယ်။ အထွေထွေရောဂါကုဆရာဝန်ကြီးတွေ အကုန်လုံးပါပါတယ်။ ဒီလိုပါရဂူကြီးတွေနဲ့ပြရတာ တော်တော်အကျိုးကျေးဇူးရှိပါတယ်။ အခုလည်း အပြင်မှာဆိုသွားမပြဖြစ်ဘူး။ ဒီလိုမျိုး အခုလိုလှည့်ပြီးတော့ကုပေးတော့ တော်တော်များများ အကုန်လုံး ရွာကဆိုရင်လည်း အများကြီးပဲလာပြီးပြဖြစ်တယ်။ အခုလိုမျိုးလာပြီးတော့ စေတနာနဲ့ကုပေးတဲ့အတွက် ဆရာကြီးတွေ၊ ဆရာဝန်ကြီးတွေအကုန်လုံး၊ ပါရဂူကြီးတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အခုလို နောက်တစ်ခါလည်း ဒီလိုမျိုးလာပြီးတော့ ကုသပေးစေချင်ပါတယ်"ဟုပြောသည်။

"ကျွန်မနာမည် ဒေါ်မော်မော်နိုင်ပါ။ နား၊ နှာခေါင်း၊ လည်ချောင်းလာပြတာပါ။ အချိန်ကုန်လည်း သက်သာတယ်။ လမ်းခရီးသွားရလာရတာလည်း နီးနီးနားနားနဲ့လာပြလို့ရတယ်။ အခကြေးငွေလည်းမရှိပါဘူး။ နောက်တစ်ခေါက်လည်း လာပြပါဦးလို့ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ အခုလို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေကို လာရောက်ကုသပေးဖို့စီစဉ်ပေးတဲ့ လူကြီးမင်းတွေအားလုံး၊ တာဝန်ရှိသူတွေအားလုံး၊ ဆရာ၊ ဆရာမတွေအားလုံးလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်အခေါက်လည်း လာကုသပေးပါဦးလို့ ကြိုဆိုပါတယ်။ မေတ္တာရပ်ခံပါတယ်"ဟု ပြောသည်။


(၁၀၀)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၅၁/၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးကျော်နိုင်ဝင်းအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**




# ချောင်းမကြီးရေလှောင်တမံနှင့် ရန်အောင်မြင်ရေလှောင်တမံ ငလျင်ကြောင့် ထိခိုက်ခဲ့မှုအပေါ် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော်ရှိချောင်းမကြီးရေလှောင်တမံနှင့် ရန်အောင်မြင်ရေလှောင်တမံ ငလျင်ကြောင့်ထိခိုက်ခဲ့မှုအပေါ် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် တမံမြေသားကြံ့ခိုင်မှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ချောင်းမကြီးရေလှောင်တမံသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်းတင်ပြမှုများအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိစေရေးနှင့်



လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အဆိုပါ ချောင်းမကြီးဆည်ပြုပြင်မှု လုပ်ငန်းများသည် ၈၃ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကာ ယခုအခါမူလရေပေးဝေရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ရန်အောင်မြင်ရေလှောင်တမံ၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတမံနှင့်ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှုနှင့် ဆည်ပတ်ဝန်းကျင်မြေယာရှုခင်းများ၊ ပန်းအလှပင်များ ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

အဆိုပါ ရန်အောင်မြင်ဆည်ပြုပြင်မှု လုပ်ငန်းများ ပြီးစီးမှုသည် ၉၁ ဒသမ ၁၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကာ ယခုအခါ မူလရေပေးဝေရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ပြန်လည်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ဝေးမြို့နယ် ရွှေပြည်တော်ဝင်လမ်း H-1 လမ်း (ရန်ကုန်-မန္တလေးလမ်းဟောင်းမှ မြို့ရှောင်လမ်း)အထိ မူလ ၂၄ ပေအကျယ် နှစ်လမ်းသွား ကွန်ကရစ်လမ်းမှ ၄၈ ပေ အကျယ် လေးလမ်းသွား ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက် သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုနှင့် ငလျင်ကြောင့် ကွန်ကရစ်လမ်းပြတ်ရွေ့ဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းနေရာအား လမ်းပြန်လည်ဖြောင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု၊ နိုင်လွန်ကတ္တရာ AC ခင်းကျင်းနေမှုနှင့် လမ်းမျက်နှာပြင်သန့်ရှင်းစေရန် ရေပိုက်များဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် စာကြည့်တိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနပညာရှင်ဝန်ထမ်းများနှင့် ယူနက်စကိုသို့ တင်သွင်းနိုင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း(ရန်ကုန်)၊ မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေး)နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိလက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့်ဌာနခွဲ၊ ဌာနစုများ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် တင်သွင်းနိုင်ရေးအတွက် ၂၀၀၃ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လူသားမျိုးနွယ်ဆိုင်ရာကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းမည်ဆိုပါက တင်သွင်းမည့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် အမျိုးသားအဆင့်စာရင်းဝင်ရမည်ဖြစ်ကြောင်းနှင့် ယူနက်စကိုသို့ တင်သွင်းမည့် လက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်သည့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ခေါင်းစဉ်အမည်သတ်မှတ်နိုင်ရေး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်၊ မန္တလေး)နှင့်ဝန်ကြီးဌာနကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံလက်ဖက်အသင်း(ရန်ကုန်)နှင့် ပူးပေါင်း၍ ယူနက်စကို သတ်မှတ်ပုံစံ၊ CH-02 Form အား ဖြည့်သွင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့် Consent Letter and Video၊ Statement Letter and Video များရယူနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ တင်သွင်းမည့်ခေါင်းစဉ် (Element)အနေဖြင့် လက်ဖက်စိုယဉ်ကျေးမှုဟု လျာထားသတ်မှတ်ထားကြောင်း၊ အဆိုပါ ခေါင်းစဉ်တင်သွင်းရန်အတွက် ဖော်ပြသင့်သည့်ခေါင်းစဉ်အမည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ယူနက်စကိုသို့ တင်သွင်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရမည့်အချိန်ကာလများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းယုက လူငယ်စကားဝိုင်းကျင်းပပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်သန်းသန်းနွယ်နှင့်အတူ Grade–11 နှင့် Grade–10 မှ ကျောင်းသား၊ ကျောင်းသူများက စာပေရဲ့အရေးပါမှု၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အနာဂတ်ပန်းတိုင် စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်က ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူတော်လူကောင်းများဖြစ်လာစေရန်ကြိုးစားဖို့လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်ပြဘုတ်များပြသခြင်းနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များပြသရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

(၄၁၃)

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲဂုဏ်ပြုကဗျာ

## သမားဇာနည် အောင်စစ်သည်

❖ ပညာလည်းမြင့်၊ ဂုဏ်လည်းတင့်သည်
ရဲရင့်ဝင့်ကြွား၊ တပ်မတော်သားဟု
ဆိုငြားပါလျှင်၊ အမှန်ပင်တည့်
သို့လျှင်ဖြစ်လာ၊ ခုအခါ၌
သူငါကျန်းမာရေး၊ ကုသပေးမည့်
"စစ်ဆေး"ဟုကျော်၊ ချစ်ဖွယ်ခေါ်သည်
လူတော်လူကောင်း ကျောင်းဆင်းကြောင်း။
တပ်မတော်ဆေးတက္ကသိုလ် ဆေးဗိုလ်လောင်း။

❖ တပ်မတော်ဆေးတက္ကသိုလ်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)
ပြီးမြောက်အောင်မြင်၊ ပျော်ပျော်ရွှင်နှင့်
ရင်မှာအကြင်နာ၊ ဘေးကင်းကွာဟု
ရောဂါပျောက်ကင်း၊ ကျန်းမာခြင်းကို
ဆောင်ကြဉ်းပေးမည်၊ မှန်ပေသည်မို့
တိုင်းပြည်ကောင်းကျိုး၊ တပ်ကောင်းကျိုးနှင့်
ကောင်းကျိုးဝေစည် မြန်မာပြည်။
"သမားဇာနည် အောင်စစ်သည်"။

❖ ဆေးအတတ်ပညာ၊ စစ်ပညာနှင့်
အကြင်နာတွေဖုံး၊ ရွှင်အပြုံးနှင့်
နှလုံးသားမှာ၊ ဆေးပညာနှင့်
စစ်မှာတာဝန်၊ ထမ်းကျေပွန်၍
တာဝန်နှစ်ခု၊ ရင်မှာစုသည်
စစ်မှုလည်းတွေး၊ ဆေးကုပေးနှင့်
လေးစားဖွယ်ရာ ဖြစ်ပေသည်။

❖ တပ်မတော်မှာ၊ ပြည့်အတွက်သာမို့
သွားလာခက်ခဲ၊ ဒေသထဲသို့
စဉ်မြဲသွားလာ၊ ဆေးကုပါသည်
ဝမ်းသာအားရ၊ ကြိုဆိုကြနှင့်
မျှော်ကြလေသူ၊ ဆန္ဒတူမို့
ပြည်သူမျိုးဆွေ၊ ကျန်းမာစေဟု
စေတနာများ ရင်မှာထား။
တပ်မတော်သား ဆရာဝန်များ။

❖ စိတ်ဓာတ်လည်းကောင်း၊ စည်းကမ်းကောင်းနှင့်
မပြောင်းသစ္စာ၊ ပြည့်ပေါ်မှာထား
မေတ္တာများဝေ၊ ကုသနေမည်
မာစေသာစေ ပြည်သူတွေ။
ရောဂါအထွေထွေ ကင်းပါစေ။

❖ တပ်မတော်ဆေးတက္ကသိုလ်
ကျောင်းမြင်းမိုရ်မှ၊ ပြည့်ဝပညာ
တတ်မြောက်လာသော်
ယခုခါကျောင်းဆင်း၊ အောင်မြင်ခြင်းကြောင့်
ရင်တွင်းပီတိ၊ ဂွမ်းဆီထိဖြင့်
တပ်၏ကောင်းကျိုး၊ ပြည့်ကောင်းကျိုးနှင့်
ကောင်းကျိုးဆပွား၊ လွန်ထူးခြားမို့
"သမားဇာနည် အောင်စစ်သည်"
လေးနက်ယုံကြည် ကြိုဆိုပြီ။ ။

**မန္တလာကိုကိုဝင်း**

# တာချီလိတ်မြို့၌ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)ဖွင့်ပွဲကျင်းပ

**တာချီလိတ်  ဒီဇင်ဘာ  ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကုန်တိုက်ဟောင်းရှေ့၌ မြန်မာ-လာအို နှစ်နိုင်ငံလူမှုစီးပွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူလူထုအရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ-လာအိုချစ်ကြည်ရေးအသင်း(တာချီလိတ်ရုံးခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-လာအိုချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်(စစ်သံမှူး-အငြိမ်းစား)က အဖွင့်ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ-လာအို ချစ်ကြည်ရေးအသင်း(တာချီလိတ်ရုံးခွဲ) ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ်



မြန်မာ-လာအို ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)မှ တာဝန်ရှိသူများက တက်ရောက်လာသူများအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ထို့နောက် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်(စစ်သံမှူး-အငြိမ်းစား)၊ ပြည်နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမင်းညို၊ တာချီလိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုန်၊ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးထွန်းနေဦး၊ ဦးအောင်နိုင်၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)ဥက္ကဋ္ဌ ဦးစိုင်းနော်တို့က မြန်မာ-လာအို ချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက မြန်မာ-လာအိုချစ်ကြည်ရေးအသင်း (တာချီလိတ်ရုံးခွဲ)အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မြင့်မိုရ်၊ နေမင်း(တာချီလိတ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၂-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ကျန်းမာသုတ
၃။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၄။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၅။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၆။ ၁၅:၀၀ ဇာတ်လမ်းတို
၇။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာ အန္တရာယ်
၈။ ၁၈:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၉။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

➤ စာမျက်နှာ ၁၁ မှအဆက်

မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအခွင့်အရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက်ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ "Our Everyday Essentials" ဖြစ်ကြောင်း၊ လူသားများ၏နေ့ရက်တိုင်းတွင် လူ့အခွင့်အရေးသည် မရှိမဖြစ်၊ မပါမဖြစ် အရေးကြီးသည့်အရာဖြစ်သည်ဟုဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေ့စဉ်လူမှုဘဝလှုပ်ရှားဆောင်ရွက်မှုတိုင်းတွင် လူ့အခွင့်အရေးအခြေခံသဘောတရားများပါဝင်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း စသည့်လောကပါလတရား(၃)ပါး လက်ကိုင်ထားဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းအမှန်တကယ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်တိုင်းပြည်သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရန် ဥပဒေသတ်မှတ်ချက်များအတိုင်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးသည် အခွင့်အရေးများနှင့်အတူ လူ့အဖွဲ့အစည်းအတွင်းနေထိုင်သူတစ်ဦးအနေဖြင့် ထမ်းဆောင်ရန်တာဝန်များလည်းရှိနေပါကြောင်း၊ ယင်းတာဝန်များသည် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစွာလည်ပတ်စေရန် အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့်စည်းမျဉ်းစည်းကမ်းတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသောတာဝန်သည် ဥပဒေကိုလေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း၊ တရားမျှတပြီး တာဝန်သိသောဆန္ဒမဲပေးခြင်း၊ လူမှုရေးလှုပ်ရှားမှုများတွင်ပါဝင်ခြင်းများသည် နိုင်ငံသားတစ်ဦးအနေဖြင့် အများပြည်သူဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိ၏လွတ်လပ်ခွင့်သည် အခြားသူများ၏အခွင့်အရေးနှင့်လွတ်လပ်ခွင့်ကို မထိခိုက်စေရန်လည်းလိုကြောင်း၊ နိုင်ငံသားတစ်ဦး၏တာဝန်များကို ထမ်းဆောင်ခြင်းသည် အခြားသူများ၏အခွင့်အရေးကို လေးစားခြင်းနှင့် မိမိကိုယ်တိုင်၏အခွင့်အရေးများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်သည် နိုင်ငံသားများ၏အခွင့်အရေးများကို အာမခံချက်ပေးပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံသားတာဝန်များကို ထမ်းဆောင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကပေးပို့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်သဝဏ်လွှာကိုဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက်လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန် စာအုပ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ သရုပ်ဖော်ပုံစာအုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ဆောင်ရွက်




နေပြည်တော် ဒီဇင်ဘာ ၁၀

မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ လှုံ့ဆော်မှု Campaign ကို နိုင်ငံတစ်ဝန်းလုံးဆောင်ရွက်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးသည်။

ဦးစွာ "ပြင်းထန်သည့်ငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့" နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ " မှတ်တမ်းဗီဒီယိုများကိုပြသသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးက လာမည့်ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံးမဲပေးနိုင်ရေးအတွက်ယနေ့ Campaign ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၊ မိမိတို့ရပ်ရွာ၊ ဒေသကို ချစ်ကြကြောင်း၊ ထို့အတွက် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသားတိုင်းသည်မိမိတို့ နိုင်ငံ၊ ရပ်ရွာ၊ ဒေသကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရန်တာဝန်ရှိကြောင်း၊ ထိုကဲ့သို့ ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးလည်းဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုသည်မှာ ပါတီနိုင်ငံရေးဆိုသည်ထက် နိုင်ငံ့အရေးဖြစ်ကြောင်း၊ နိုင်ငံအတွက် မဲပေးသင့်သည်၊ မဲပေးရမည်ဆိုသည်ကို အသိပညာပေးလိုသည့်အတွက် ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအတွက် MRTV DTH စလောင်းအစုံ ၃၀၊ DVBT2SetTopBox အလုံး ၂၀ တို့ကို ကံစမ်းမဲဖောက်ပေးပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

မြဝတီ




## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၁-၁၂-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ ၁၀:၀၀ | Internet Pages | ၅။ ၁၈:၂၀ | Thazin Request Song |
| ၃။ ၁၄:၃၀ | Live For You | ၆။ ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

(၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် (၇၇)နှစ်ပြည့်မြောက်သောနေ့ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့လည်းဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်လေ့ရှိခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို အလေးထားသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏အခြေခံများ၊ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း ဖော်ပြပါရှိကြောင်း၊ ယင်းကြေညာစာတမ်းသည် လူသားအားလုံးတွင် မွေးရာပါအခွင့်အရေးများပိုင်ဆိုင်ကြောင်း ပထမဆုံးအသိအမှတ်ပြုခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ UDHR ကို အတည်ပြုရန် မဲခွဲသည့်အခါ မြန်မာနိုင်ငံသည် ကြေညာစာတမ်းကို ထောက်ခံမဲပေးခဲ့သည့် နိုင်ငံ ၄၈ နိုင်ငံတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံက ယင်းကြေညာစာတမ်း အတည်ပြုခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပြီးသည့်နောက် နိုင်ငံတကာက ကြေညာစာတမ်းပါအခွင့်အရေးများကို အခြေခံပြီး ဥပဒေအရ စည်းနှောင်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် ပတ်သက်ဆက်နွှယ်သည့် သဘောတူစာချုပ်များ အသီးသီးပေါ်ပေါက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ခေတ်အဆက်ဆက်၏ နိုင်ငံတော်အစိုးရများက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် စသည့်စာချုပ်များကို ပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါစာချုပ်များနှင့်ဆက်စပ်သည့်နောက်ဆက်တွဲသဘောတူစာချုပ်တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာစာချုပ်များတွင်ပါသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေများပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ အမျိုးသားအဆင့်ကော်မတီများဖွဲ့စည်းထားရှိပြီး နိုင်ငံအဆင့်အစီရင်ခံစာများကို စာချုပ်ကော်မတီများထံ ပုံမှန်တင်သွင်းလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံအခွင့်အရေးများရရှိခံစားနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း (၈)တွင်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် မူလအခွင့်အရေးနှင့် လူ့အခွင့်အရေးများရယူနိုင်သကဲ့သို့ လိုက်နာရန် ပြဋ္ဌာန်းထားသည့် တာဝန်များကိုလည်း လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ထိုသို့ ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ကော်မရှင်ဥပဒေပါ လုပ်ငန်းတာဝန်များထဲတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သည့် တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေးအသိပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များပေးခြင်းတို့ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်သက်တမ်းသည် ယခုဆိုလျှင် ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး နိုင်ငံသားများ၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်းသည် နိုင်ငံတော်က လူ့အခွင့်အရေးကို အလေးထားကြောင်း ပြသသည့် သက်သေသာဓက တစ်ခုလည်းဖြစ်ကြောင်း။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း၌ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် အဆိုပါလူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေစိုးမိုးရေး အားကောင်းမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားများအားလုံး အေးချမ်းပျော်ရွှင်စွာနေထိုင်လုပ်ကိုင်နိုင်ကြပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျော့ချနိုင်ရေးတို့အတွက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးအတွက် စည်းစနစ်ကျနမှုရှိပြီး လွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးသည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် အခိုင်အမာရောက်ရှိစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်တစ်ခုတည်ဆောက်ရာတွင် ပြည်သူလူထုသည် အကြီးမားဆုံးအင်အားဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်စေရေးနှင့်တရားမျှတသည့်ရွေးကောက်ပွဲများဖြစ်စေရေးပြည်သူလူထုက တက်ကြွစွာပါဝင်ရန်၊ အချင်းချင်းလေးစားမှုရှိရန်နှင့် တာဝန်ယူမှုများရှိရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည်နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သကဲ့သို့ ဆန္ဒမဲပေးရန် နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး မိမိတို့၏ တာဝန်ဝတ္တရားများကို လိုက်နာကာ နိုင်ငံ့အကျိုးကို ရှေးရှု၍ မိမိတို့၏ ဆန္ဒသဘောထားများကို ထုတ်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူအားလုံးက မကြာမီကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူ့အခွင့်အရေးနှင့်နိုင်ငံသားတို့၏ တာဝန်သည် ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်ရေးအတွက် တစ်ခုနှင့်တစ်ခုဆက်စပ်ပြီး ဟန်ချက်ညီရန် လိုအပ်သည့် အခြေခံအယူအဆနှစ်ရပ်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်း အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံးဆန္ဒမဲပေးနိုင်ရေးနှင့် လွတ်လပ်မျှတစွာ

စာမျက်နှာ ၁၀ သို့ ➤

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထုစိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းသွားလာလှုပ်ရှားလျက်ရှိ



နေပြည်တော် ပုဗ္ဗသီရိ ညဈေး၌ ဈေးရောင်း ဈေးဝယ်များဖြင့် ပုံမှန်အတိုင်း စည်ကားနေမှုကို တွေ့ရစဉ်။



ကျိုင်းတုံမြို့၌ ပြည်သူများ စိတ်အေး ချမ်းစွာ ပုံမှန်အတိုင်း လှုပ်ရှားသွားလာ နေမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော် မြို့နယ်ရှိ ဈေးများ၌ ဈေးရောင်း ဈေးဝယ်များဖြင့် ပုံမှန်အတိုင်း စည်ကားနေမှုကို တွေ့ရစဉ်။



ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့၌ ပြည်သူများ စိတ်အေး ချမ်းစွာ ပုံမှန်အတိုင်း လှုပ်ရှားသွားလာ နေမှုကိုတွေ့ရစဉ်။



မန္တလေးမြို့ရှိ လမ်းမကြီး များပေါ်တွင် ပြည်သူများ ပုံမှန်အတိုင်း လှုပ်ရှား သွားလာနေမှုကို တွေ့ရစဉ်။



ခိုလမ်မြို့ရှိ ဈေးများ၌ ပြည်သူများ စိတ်အေးချမ်းစွာ ပုံမှန်အတိုင်း စည်ကားနေမှုကို တွေ့ရစဉ်။



မုံရွာမြို့၌ ပြည်သူများ စိတ်အေး ချမ်းစွာ ပုံမှန်အတိုင်း လှုပ်ရှားသွားလာ နေမှုကိုတွေ့ရစဉ်။



တောင်ကြီးမြို့ မြို့မဈေးတွင် ဈေးသွားဈေးလာ များဖြင့် ပုံမှန်အတိုင်း စည်ကားနေမှုကို တွေ့ရစဉ်။



တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်တံတားတွင် ခရီးသွားများဖြင့် ပုံမှန်အတိုင်း စည်ကားများပြား နေမှုကိုတွေ့ရစဉ်။



မြစ်ကြီးနားမြို့၌ ပြည်သူများ စိတ်အေးချမ်းစွာ ပုံမှန်အတိုင်း လှုပ်ရှားသွားလာ နေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့၏နိုင်ငံရေးလိုလားချက်ပြည့်ဝစေရန်အတွက် အေးချမ်းစွာနေထိုင်လျက်ရှိသည့်ပြည်သူလူထုအား အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထု အကြောက်တရားလွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမရှိစေရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားဆောင်ရွက်နိုင်မှုမရှိစေရေးနှင့်ပြည်သူလူထု၏ လူမှုစီးပွားဘဝပျက်စီးစေရေးအတွက် ဒီဇင်ဘာလ ၁၀ ရက် ယနေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို အကြောင်းပြ၍ Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေးလုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်ဆေးတက္ကသိုလ်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)
သင်တန်းဆင်းပွဲဂုဏ်ပြုဆောင်းပါး

# ဂုဏ်ပြုပါသည် သမားဇာနည် အောင်စစ်သည်များ

မောင်မောင်လွင်
(ရွှေဘိုသား)

ဘဝဆိုသည်မှာ မွေးဖွားခြင်းအစနှင့်သေဆုံးခြင်းအကြား ရှင်သန်လှုပ်ရှားမှုကိုဆိုသည်။ လူသားတို့သည် ဘဝကို ရည်မှန်းချက်ကိုယ်စီဖြင့် လျှောက်လှမ်းကြသည်။ ထိုသို့ရည်မှန်းချက်ပန်းတိုင်ဆီသို့လျှောက်လှမ်းရာတွင် ကျန်းမာရေးအထူးဂရုပြုကြရမည်ဖြစ်သည်။ ယနေ့ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို လေ့လာကြည့်လျှင် ကျန်းမာရေးကဏ္ဍကို အရှိန်အဟုန်မြှင့်တင်လျက်ရှိကြသည်။ စစ်မှန်သည့် လူသားအရင်းအမြစ်ကို ကုံလုံပြည့်ဝစွာအသုံးချနိုင်ရေးအတွက် ကျန်းမာရေးသည် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ “ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်အံ့”ဟု ကြွေးကြော်နေကြသော်လည်း ကျန်းမာရေးကောင်းမွန်မှသာ ပညာဆည်းပူးနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ကျန်းမာရေးနှင့်ပညာရေးခွန်တွဲလုပ်ဆောင်ကြသည်။

နိုင်ငံတော်အတွင်း သဘာဝသယံဇာတ မည်သို့ပင်ပေါကြွယ်ဝစေကာမူ လူသားအရင်းအမြစ်နည်းပါးလျှင် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေမည်သာဖြစ်သည်။ စစ်ပြီးကာလ ယနေ့ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများအား လေ့လာကြည့်လျှင် နိုင်ငံတော်ပြန်လည်ထူထောင်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုထက်နိုင်ငံသားတို့၏ကျန်းမာရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း တပ်မတော်အစိုးရလက်ထက်တွင် လူမှုရေးဦးတည်ချက်လေးရပ်တွင် စတုတ္ထအချက်အဖြစ် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး” ဟူသည့် ဦးတည်ချက်ဖြင့် ဖော်ဆောင်ခဲ့သည်။ ထို့နောက် တပ်မတော်ဆေးတက္ကသိုလ်ဖွင့်လှစ်တည်ထောင်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအတွက်သာမက ပြည်သူလူထု၏ ကျန်းမာရေးအတွက် နှစ်စဉ်သမားဇာနည်အောင်စစ်သည်များအား မွေးဖွားပေးလျက်ရှိသည်။ ထို့ပြင် နယ်မြေစိုးမိုးရေးနှင့်လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့်တပ်ခွဲများသည်လည်း မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသရှိ ပြည်သူတို့အား ဆေးကုသမှုနှင့် ကျန်းမာရေးအသိပညာပေးပြုလုပ်ပေးလျက်ရှိသည်။ ယနေ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင်လည်း “နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” ဟူသည့်အချက်သည် နိုင်ငံတော်အတွက်၊ လူသားအရင်းအမြစ်အတွက် ဦးတည်ခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် လူဦးရေများပြားသော်လည်း ပညာရေးနိမ့်ကျခြင်းနှင့် ကျန်းမာရေးချို့တဲ့မှုရှိမည်ဆိုလျှင် အရေအတွက်မှအရည်အချင်းသို့ ဖြစ်လာလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် စစ်မှန်သည့် လူသားအရင်းအမြစ်ပြည့်ဝရေးအတွက် ကျန်းမာရေးကဏ္ဍသည် အဓိကမောင်းနှင်အားဖြစ်နေပေသည်။

ရှေးခေတ်မြန်မာ့တပ်မတော်၏စစ်အင်္ဂါရှစ်ပါးတွင် စစ်ချီရာ၌ “ယောဓာယု”ဟူသည့် စစ်အသက် (စားနပ်ရိက္ခာနှင့် ဆေးဝါး) ပါရှိကြောင်း ယောဓဗျူဟာကျမ်းတွင် အတိအလင်း ဖော်ပြထားပေသည်။ (ထိုဖော်ပြချက်ကို ကထိက ဦးစိန်လွင်လေး ဝိဇ္ဇာ(ဂုဏ်ထူး)ဒီဂျေပြုစုသည့် မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ စာအုပ်ထဲတွင် တွေ့ရှိရပါသည်။)

တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြင့် ဖွဲ့စည်းထားသော မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်လျက်ရှိရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပြည်သူလူထုကျန်းမာရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အခါ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးဖွားပေးလိုက်သော သမားဇာနည်အောင်စစ်သည်တို့သည် မြို့ပြများသာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးလက်ဒေသအထိ သွားရောက်ပြီး ပြည်သူတို့ကိုဆေးကုသပေးခြင်း၊ ကာကွယ်ဆေးပေးခြင်းနှင့်ကျန်းမာရေးအသိပညာပေးခြင်းများကို ‘‘စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ’’ဟူသည့် ဆောင်ပုဒ်နှင့်အညီ စစ်မှန်သည့်မေတ္တာတရားဖြင့် ကုသမှုနှင့်ကာကွယ်မှုများပြုလျက်ရှိသည်။

ယနေ့အခါတပ်မတော်ဆေးတက္ကသိုလ်မှ မွေးဖွားပေးလိုက်သော သမားဇာနည်အောင်စစ်သည်တို့သည် လူမျိုးမရွေး၊ ဘာသာမရွေး “စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”ဟူသည့်ဆောင်ပုဒ်နှင့်အညီ မြို့ပြနှင့် ကျေးရွာများသို့ တပ်မတော်ပိုင်ဆေးကုသရေးယာဉ်များဖြင့် ကုန်းလမ်းခရီးဖြင့်လည်းကောင်း၊ ရေလမ်းခရီးဖြင့်လည်းကောင်း နိုင်ငံတော်အတွင်းလှည့်လည်၍ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး နှလုံးခုန်စမ်းသပ်ပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းစသည့် ရောဂါရှာဖွေစမ်းသပ်ခြင်းများအား ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့ရှာဖွေကုသပေးလျက်ရှိသည်။ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြရာ မိဘပြည်သူတို့အဖို့ ဝမ်းသာမဆုံးရှိကြသည်၊ ကုသရာတွင်ဒေသခံပြည်သူတို့၏ ကျန်းမာရေးအခြေအနေအရလိုအပ်ပါက နီးစပ်ရာတပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အထူးကြပ်မတ်ကုသပေးလျက်ရှိကြသည်။ တပ်မတော်ဆေးရုံသို့ ရောက်ရှိလာကြသောလူနာများအဖို့ နေထိုင်စားသောက်ရေးနှင့် ဆေးဝါးကုန်ကျမှုမရှိစေဘဲ စိတ်ချမ်းမြေ့စွာ ကုသမှုခံယူလျက်ရှိကြသည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကာလတွင် နိုင်ငံတော်နှင့်ပြည်သူလူထုကို ဆန့်ကျင်သွားကြသည့်ဆရာဝန်များကြောင့် ဆေးရုံအချို့တွင် ဆေးကုသမှုအတွက် ဆရာဝန် လိုအပ်ချက်များဖြစ်ပေါ်ခဲ့ရာ တပ်မတော်ဆရာဝန်များက မိဘပြည်သူတို့၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ရသည်။



> **နိုင်ငံတော်၏ကာကွယ်ရေးမဟာဗျူဟာဖြစ်သော ပြည်သူ့စစ်မဟာဗျူဟာ ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စွာဖြင့်ပါဝင်နိုင်ရေးအတွက် ပြည်သူတို့၏ကျန်းမာရေးဆေးဝါးကုသမှုနှင့် စောင့်ရှောက်မှုများကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ “ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်၊ ကြံ့ခိုင်ကိုယ်လက် တိုင်းပြည်အတွက်” ဟူသော ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှသာလျှင် နိုင်ငံတော်မှချမှတ်ထားသည့် ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ပြည့်ဝစွာရရှိနိုင်မည်ဖြစ်သည်။**

တပ်မတော်ဆေးတက္ကသိုလ်မှ မွေးဖွားပေးလိုက်သော တပ်မတော်အရာရှိဆရာဝန်များသည်ခြောက်နှစ်တာ သင်တန်းကာလအတွင်း ဆေးပညာရပ်များသာမက စစ်ပညာရပ်များကိုလည်း ခြေလျင်တပ်စုမှူးအဆင့်အထိ သင်ကြားတတ်မြောက်ခဲ့ကြပြီးဖြစ်သည်။ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့တွင် စစ်မြေပြင်လိုက်ပါလျက် စစ်သည်များအား ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်၏ကာကွယ်ရေးမဟာဗျူဟာဖြစ်သော ပြည်သူ့စစ်မဟာဗျူဟာ ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ရပ်လုံးကျန်းမာကြံ့ခိုင်စွာဖြင့် ပါဝင်နိုင်ရေးအတွက် ပြည်သူတို့၏ကျန်းမာရေးဆေးဝါးကုသမှုနှင့် စောင့်ရှောက်မှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ‘‘ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်၊ ကြံ့ခိုင်ကိုယ်လက် တိုင်းပြည်အတွက်’’ဟူသော ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှသာလျှင် နိုင်ငံတော်မှချမှတ်ထားသည့် ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ပြည့်ဝစွာရရှိနိုင်မည်ဖြစ်သည်။ ယနေ့ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နယ်ပယ်အသီးသီးတွင် စိန်ခေါ်မှုများစွာ ဆင့်ကဲဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားဖို့ အထူးလိုအပ်သည်။ ထိုသို့လိုအပ်သည်များကို တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဆင်းဗိုလ်လောင်းများအနေဖြင့် စဉ်ဆက်မပြတ်လေ့လာနေရန် ဒီဇင်ဘာလ ၁၀ ရက်တွင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“သင်တန်းဆင်းအရာရှိများအနေဖြင့်လည်း တပ်မတော်သားဆေးသိပ္ပံပညာရှင်များဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေး တိုးတက်မြင့်မားလာအောင်မြှင့်တင်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကိုစောင့်ရှောက်ပေးရာတွင် “စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ” ဟူသည့်ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်း၊ ထိုသို့ စောင့်ရှောက်သည့်နေရာတွင် “ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်” ဟူသည့်အတိုင်း ကိုယ်စီကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း”**ပြောကြားသည်။

ယနေ့ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးဖွားပေးလိုက်သော သမားဇာနည်အောင်စစ်သည်တို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားတို့အတွက်သာမဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ပြည့်ဝစွာရရှိရေးနှင့် ပြည်သူတို့၏လူမှုဘဝတစ်လျှောက် စိတ်ချမ်းမြေ့နိုင်ရေးအတွက် ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါကြောင်း ထူးကဲလေးနက်စွာ ဂုဏ်ပြုလိုက်ရပါသည်။ ။

★ **စာမျက်နှာ ၁၅ မှအဆက်**

ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကချမှတ်ထားသည့် ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သည့် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဟူသည့်အချက်ကို အကောင်အထည်ဖော်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပြီး ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အနေဖြင့် တပ်မတော်ဆေးရုံ၊ တပ်ရင်း/တပ်ဖွဲ့များတွင် တပ်မတော်သားများနှင့်တပ်မတော်သားမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စစ်မြေပြင်လက်တွေ့ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများသာမက ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များသည် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသနှင့် နယ်စပ်ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျ သွားရောက်စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း၊ ရေလမ်းကြောင်းတစ်ခုတည်းကိုသာအားကိုးအားထားပြုပြီး သွားလာနေကြရသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတို့တွင်ရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် သွားရောက်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

တပ်မတော်သားဆရာဝန်များဖြစ်သည့်အတွက် စစ်သည်တော်ကောင်းစိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ်တို့ နှစ်မျိုးစလုံး ပြည့်စုံနေရန်လိုကြောင်း၊ စစ်သည်တော်ကောင်းစိတ်ဓာတ် ပြည့်ဝစေရေး စစ်သည်တော်ကျင့်ဝတ် အပါး(၆၀)ကို တိကျစွာလိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့်ညီသည့် သမားကောင်းစိတ်ဓာတ်၊ ခံယူချက်များကောင်းမွန်ရေးကိုလည်း လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးပညာရှင်သမားကောင်းများပီသစွာ လူမျိုး၊ ဘာသာ အဆင့်အတန်းမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးပညာကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းသွားရမည်ပင်ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုနေသည့် ဆရာဝန်များ၏ အဓိဋ္ဌာန်ပြုကတိသစ္စာတွင်ပါသည့် **"သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့်ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းရေး၊ ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ကျန်းမာရေးကို စေတနာ မေတ္တာရှေ့ထား၍ လူမျိုး ဘာသာ၊ ဆင်းရဲ ချမ်းသာမရွေး စွမ်းစွမ်းတမံစောင့်ရှောက်ကုသရေး"** စသည့်အချက်များကို မိမိတို့၏စိတ်သန္တာန်တွင်စွဲမြဲစွာမှတ်သားပြီး ကျင့်ဝတ်နှင့်ညီသည့် သမားကောင်းတစ်ဦးဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း။

တစ်ဖက်တွင်လည်း တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်က ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ် အပါး(၆၀)ကို ကိုယ်တိုင်စောင့်ထိန်းလိုက်နာရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကိုလည်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန် ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား ဆရာဝန်များဖြစ်သည်နှင့်အညီ ခြေလျင်တိုက်ခိုက်ရေးစစ်သည်များနှင့် အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် စစ်စည်းကမ်းကောင်းမွန်ပြီး စိတ်ဓာတ်ခံယူချက်မြင့်မားမှသာ အောင်မြင်မှုများရယူနိုင်မည်ဖြစ်ကြောင်း အထူးသဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ်သစ္စာစောင့်သိပြီး အထက်က ပေးအပ်လာသည့်အမိန့်နှင့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရန် အရေးကြီးသကဲ့သို့ မိမိကွပ်ကဲရသည့်လက်အောက်ငယ်သားများကိုလည်း အမိန့်နာခံမှုကောင်းအောင် ကွပ်ကဲလေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း စိတ်ဓာတ်ခံယူချက်မြင့်မားစွာဖြင့် လက်အောက်ငယ်သားများကို စံနမူနာပြနေထိုင်ပြီး သမားကောင်းတစ်ဦး၏ ကျင့်ဝတ်များနှင့် စစ်သည်တော်ကောင်းတစ်ဦး၏ကျင့်ဝတ်များကိုပါ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်ဆေးမှူးအရာရှိများဖြစ်ရန် တပ်မတော်ဆေးတက္ကသိုလ်ကို မိမိတို့၏ သဘောဆန္ဒအလျောက် ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားခဲ့ကြသကဲ့သို့ ယှဉ်ပြိုင်ရွေးချယ်ခံပြီး တက်ရောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိခဲ့ချိန်မှစပြီး နိုင်ငံတော်နှင့်တပ်မတော်က ငွေကုန်ကြေးကျများစွာဖြင့် နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်များကို အချိန်ယူသင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်တပ်မတော်၏ အဖိုးတန် လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းဆင်းအရာရှိများအနေဖြင့် တဒင်္ဂဆုံးဖြတ်ချက်အမှားကြောင့် မိမိတို့၏ ရည်မှန်းချက်၊ နိုင်ငံတော်၊ တပ်မတော်နှင့် မိဘဆွေမျိုးများ၏ မျှော်မှန်းချက်များကို မပျောက်ပျက်စေဘဲ စိတ်ဓာတ်၊ ခံယူချက်၊ ကိုယ်ကျင့်တရား၊ စည်းကမ်း၊ ဆေးပညာကျင့်ဝတ်များနှင့်အညီ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ရဲဘော်ရဲဘက်စိတ်ပြည့်ဝသည့် **"သမားဗောနည်အောင်စစ်သည်"** TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR တစ်ယောက်ဖြစ်အောင် မိမိကိုယ်မိမိ တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အခြားနိုင်ငံများ၏ ပုံစံကိုပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုဖော်ဆောင်ရန် အရေးကြီးကြောင်း၊ **ဒီမိုကရေစီစနစ်** ဆိုသည်မှာ ပြည်သူကရွေးချယ်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ **ဖက်ဒရယ်စနစ်** ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့်ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်ပြီး ၎င်း၏ အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုအများစု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပေးသွားတော့မည်ဖြစ်ကြောင်း။

ယခုပြုလုပ်ပေးမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့်မတူသည့်အချက် ၃ ချက်ရှိကြောင်း၊ ပထမအချက်မှာ **ရွေးကောက်ပွဲစနစ်**ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် အနိုင်ရသူအကုန်ယူ(First Past The Post–FPTP)စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP)စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ **မဲပေးတဲ့စနစ်**ဖြစ်ပြီး ကြိုတင်မဲများကလွဲပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine –MEVM)များနှင့် ခလုတ်နှိပ်ပေးရမည်ဖြစ်ကြောင်း၊ တတိယအချက်မှာ **ရွေးကောက်ပွဲကျင်းပသည့်ပုံစံ**ဖြစ်ပြီး ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ်မူတည်ပြီး အပိုင်းလိုက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ဒေသအသီးသီးကို ရောက်ရှိချိန်တွင်လည်း လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ပြီး မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစဉ်လေ့ကျင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် မိမိတတ်ကျွမ်းသည့်ဆေးပညာနှင့်တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကုသပေးမှုများကို အစဉ်အလေးထားဆောင်ရွက်သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် အရည်အသွေးထူးချွန်ထက်မြက်တောက်ပြောင်သည့် **"သမားဗောနည်အောင်စစ်သည်များ"** ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့်ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ညှော့ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သင်တန်းကာလရှည်တစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် ကြိုးစားအားထုတ်မှုအခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့်ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ၊ မိဘများ၏ မျှော်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ ထူးချွန်စွာဖြင့် သင်တန်းဆင်းခဲ့ကြသည့် နောင်တော်တပ်မတော်အရာရှိများသည်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း။

ကမ္ဘာကြီးသည် စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် ခေတ်နှင့်အမီလိုက်နိုင်ရေး စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို အမြဲမပြတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း။

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည်ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသည့်အသိပညာများနှင့် အတတ်ပညာများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော်နှင့်နိုင်ငံတော်၏ဂုဏ်ကျေးဇူးကိုလည်း အရာရှိကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ စောင့်ထိန်းနေထိုင်ကာ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ချိန်တွင်လည်း လက်အောက်မှ လက်ခံအားကိုးယုံကြည်ရသည့်ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့် တာဝန်များကို လက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက်ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအောင်ကျော်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းစွမ်းရည်ထည်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းမင်းဖုန်းသန့်အောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်"**ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်သားဆေးမှူးအရာရှိများကို စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ ယခုအခါ သင်တန်းအမှတ်စဉ်(၂၆) အထိရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့်ဆေးမှူးအရာရှိများအနေဖြင့် မိမိတို့တာဝန်ကျရာ တပ်အသီးသီးတွင်ရှိသည့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ထိထိရောက်ရောက် လုပ်ဆောင်ပေးလျက်ရှိနေကြောင်း။

**❖ ယခုကဲ့သို့ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်၊ သင်တန်းကာလရှည်တစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့်ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ၊ မိဘများ၏မျှော်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ် . . .**

မိမိတို့တပ်မတော်ကို တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားတိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် စိတ်ရောကိုယ်ပါကြံ့ခိုင်ရန် အလွန်အရေးကြီးကြောင်း၊ **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်" (Make Fit to Fight)**ဟူသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကုသပေးမှုများကို အထူးအလေးထားဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ဆေးပညာရပ်များကို ကျွမ်းကျင်ထက်မြက်နေအောင် အစဉ်လေ့လာဆည်းပူးနေပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရည်မှန်းချက်တာဝန်ကို အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့အသီးသီးကို ရောက်ရှိချိန်၌ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း မေတ္တာစေတနာအရင်းခံပြီး ပါဝင်ကူညီခြင်းအားဖြင့် တပ်မတော်၏ စိတ်ရင်းစေတနာအမှန်ကို ပြသပေးကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း အရှိန်အဟုန်ဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ရောဂါရှာဖွေသည့် ပစ္စည်းကိရိယာများ၊ ကုသသည့်ကိရိယာများ၊ ဆေးဝါးနှင့် ကုထုံးအသစ်များဆန်းသစ်ပြောင်းလဲလာသကဲ့သို့ ထူးခြားဆန်းပြားသည့်ရောဂါဘယများသည်လည်း ဆေးပညာလောကကို မပြတ်စိန်ခေါ်လျက်ရှိနေကြောင်း။

သင်တန်းဆင်းအရာရှိများအနေဖြင့်လည်း တပ်မတော်သားဆေးသိပ္ပံပညာရှင်များဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ်လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေးတိုးတက်မြင့်မားလာအောင် မြှင့်တင်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရာတွင် **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဟူသည့်ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်း၊ ထိုသို့စောင့်ရှောက်သည့်နေရာတွင် **"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်"**ဟူသည့်အတိုင်း ကိုယ်စီကျန်းမာရေးအသိ၊ ကျန်းမာရေးသတိမြင့်မားလာအောင်အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း (World Federation for Medical Education–WFME)၏ အသိအမှတ်ပြုစာရင်းဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဆေးတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ ပြည်ပနိုင်ငံများတွင်လည်း ခေတ်မီဆေးသိပ္ပံပညာရပ်များ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဘက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆေးပညာဘာသာရပ်နှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလျက်ရှိနေကြောင်း။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာပညာရပ်များဖြစ်သည့်ပြုစုကုသရေး၊ အကာအကွယ်ပေးရေး စသည့်အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များဖြင့်သာ ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့်ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ထူးချွန်ထက်မြက်သည့် **"သမားဇာနည်အောင်စစ်သည်"**များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန်အတွက် လိုအပ်သည့်စွမ်းအင် (Energy)များကို အစားအသောက်များမှ ရရှိခြင်းဖြစ်သဖြင့် စားနပ်ရိက္ခာလုံခြုံရေး (Food Security)သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလိုအပ်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သည့် စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံနေရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ကြရမည့် မိမိတို့တပ်မတော်သားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနိုင်ရေးအတွက် အာဟာရပြည့်ဝသည့်အစားအစာများလုံလောက်စွာ စားသောက်နေနိုင်ရေးသည် အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့်အစာအာဟာရများ ပြည့်ပြည့်ဝဝစားသုံးနိုင်ရေးအတွက် မိမိတတ်ကျွမ်းထားသည့် ဆေးပညာရှုထောင့်မှ အမြဲမပြတ်ထိန်းသိမ်းစောင့်ရှောက်ပြီး အကြံဉာဏ်များပေးသွားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုကိုလည်း ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်

**စာမျက်နှာ ၁၄ သို့** ★




❖ တပ်မတော်ဆေးတက္ကသိုလ်ကမွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများအနေဖြင့် မိမိတို့တာဝန်ကျရာ တပ်အသီးသီးတွင်ရှိသည့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ထိထိရောက်ရောက် လုပ်ဆောင်ပေးလျက်ရှိ . . .

❖ **“ကျန်းမာ ကြံ့ခိုင် တိုက်နိုင်ရန်”** (Make Fit to Fight)ဟူသည့်ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့်ဆေးပညာဖြင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကုသပေးမှုများကို အထူးအလေးထားဆောင်ရွက်ပေးသွားကြရမည်ဖြစ် . . .




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအောင်ကျော်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းစွမ်းရည်ထည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းမင်းဖုန်းသန့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့်ချီတက်အလေးပြုစဉ်။

**❖ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များသည် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသနှင့် နယ်စပ်ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျသွားရောက်စောင့်ရှောက်ကုသပေးခဲ့၊ ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတို့တွင်ရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် သွားရောက်စောင့်ရှောက်ပေးနိုင်ခဲ့ . . .**



များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏မိဘဆွေမျိုးများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က **စာမျက်နှာ ၁၅ သို့** ★



**❖ ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် အရည်အသွေးထူးချွန်ထက်မြက်တောက်ပြောင်သည့် “သမားဇာနည် အောင်စစ်သည်များ” ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း . . .**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 26th Intake of Defence Services Medical Academy




Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing takes the salute of the cadet companies.

NAY PYI TAW December 10

The Passing-out Parade of the 26th Intake of Defence Services Medical Academy was held at the parade ground of DSMA in Yangon this morning with an address by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from the Office of the Commander-in-Chief and wives, Union level dignitaries, Union ministers and wives, military command commanders, the DSMA commandant, officials from Mingaladon Station, families and relatives of cadets and guests.

First, the Senior General took the salute of cadet battalions and inspected the cadet company. Then, the cadet companies saluted the Senior General with slow-march past and quick-march past.

The Senior General presented Best Cadet Award to Cadet Aung Kyaw Moe, Excellent Award in Training to Cadet Swan Yee Htal and Excellent Award in Studies to Cadet Min Hpone Thant Aung.

In his graduation ceremony address, the Senior General said DSMA is continuously training and **generating medical officer doctors with the aim of bringing about medical expert officers, who have physical and intellectual ability and who are required for Tatmadaw (Army, Navy and Air),** and it has reached the 26th Intake. In addition to providing healthcare services for soldiers and their families at the units they are assigned to, the medical officers are also rendering effective healthcare services for local people.

Spiritual and physical health and fitness of every soldier is of vital importance for enhancing combat capability of every individual soldier, as the Tatmadaw has been organizing to become a modern patriotic armed forces having the fighting ability and power. Tatmadawmen will be able to shoulder duties at every time, place and region and under any climate condition only if they are healthy and fit in accord with the motto -- **Make Fit to Fight.** Hence, members of the medical corps must pay special attention to providing Tatmadawmen with medical protection, healthcare and treatment with their skilled profession. They must pursue medical sciences constantly to become brilliant in their profession, and must realize the vision of the medical corps.

Moreover, they must show the true goodwill of the Tatmadaw by taking part in providing healthcare for Union nationalities, apart from military officers, other ranks and families at the units they are posted.

Today is the age of science and technology. In this regard all are witnessing the daily progress of the field of medical science. On one hand, new and changing the rapies and medical equipment are emerging, and on the other, bizarre and mysterious diseases are challenging the medical field. As the graduation officers are military medical experts, they must enhance their individual skills through continuous studies on ever advancing treatment methods and medical sciences of the modern age. In addition to military officers, other ranks and families, the graduating officers must also provide healthcare service for the public with complete goodwill and kindness in accord with the motto – **goodwill and kindness ensure safety.** In doing so, they must distribute medical knowledge, and knowledge on prevention and cure on a broader scale to promote health awareness in accord with the saying, **"prevention is better than cure."**

DSMA is included in the recognition list of the World Federation for Medical Education (WFME) and provides medical instruction in line with international curricula. To enable it to stand alongside international medical universities, the DSMA is conducting postgraduate courses domestically, while also sending scholars abroad to study and train in modern medical science. Domestically, they also organize medical science conferences, medical symposiums, and workshops, and facilitate the exchange of military health care experience with foreign experts. Additionally, extensive medical research is being carried out in compliance with international standards.

It is necessary to keep abreast of armed forces in the international arena in the professions of treatment and prevention of the medical knowledge. They should not be satisfied with the medical knowledge provided by the DSMA and they continue studies of developing medical education in line with the era to become **the outstanding victorious medical practitioner soldiers** for the nation and the Tatmadaw.

As human obtains energy from the food, the food security is of the most basic and great importance for all human beings in the entire world. In implementing the comprehensive food security, a country must have sufficient food volume, affordable-priced food and healthy food.

As Tatmadaw members who are responsible for national defence, it is crucial for them to consume sufficient nutritious food to endure physical and mental fatigue. Therefore, medical officers need torecommend Tatmadaw members to consume healthy, nutritious foods

See Page - 19 ▸▸

▸▸From Page - 18

with provision of medical expertise. At the same time, medical officers need to actively raise public awareness for health knowledge.

To implement the third point of the four directives set by the National Defence and Security Council—**"To put emphasis on enhancing the national education and health sectors for sustainable development of the State"**—the Defence Services medical corps has been collaborating with the Ministry of Health to focus on enhancing public healthcare. Members of the military medical corps provide healthcare services not only to soldiers and their family members at Tatmadaw hospitals and units, including practical battlefield medical support, but also assist in the healthcare needs of ethnic and local communities across generations, contributing to the well-being of the wider population.

Since 2010, Tatmadaw medical corps units have continuously expanded mobile medical treatment operations. They have personally travelled to provide healthcare services even in remote mountainous areas and border rural regions with difficult access. In regions such as deltaic areas and coastal areas, where communities rely on a single route for waterway, the medical corps has also been able to deliver healthcare services using riverine hospitals (Shwe Puzon) and sea-going hospitals (Thanlwin), ensuring the well-being of local populations.

Tatmadaw medical doctors must enhance their capacity to uphold the spirit of a good soldier and the spirit of a good doctor. To ensure they fully cultivate the spirit of a good soldier, they have been strictly trained to follow the 60 military codes of conduct. Likewise, to develop the spirit of a good doctor, they were trained not only in medical knowledge but also in cultivating proper professional ethics, moral conduct, and attitudes that align with medical practice.

Military doctors, who are trained and produced by Tatmadaw, must provide healthcare without discrimination based on ethnicity, religion, or social status, while strictly adhering to medical ethics. They are expected to uphold the pledge that doctors recite daily, which **emphasizes maintaining the moral conduct and honourable traditions of a good person, using skilled medical knowledge to compassionately care for patients' health, and providing treatment impartially regardless of ethnicity, religion, poverty, or wealth.** They are to internalize these principles in their hearts and live in accordance with them, striving to embody the character of a good and ethical practitioner.

On the other hand, as military personnel, they need to personally observe and abide by the 60 Military Codes of Conduct laid down by Tatmadaw and must also guide the troops under their command to adhere to these codes strictly. As military doctors, they'll also have to perform operational and security duties for national defence alongside the infantry soldiers. Success on the battlefield can only be achieved through good military discipline and high morale. It's particularly crucial to be loyal to the State and Tatmadaw, to fulfill the orders and duties assigned by superiors, and to effectively command and train subordinates to be highly obedient. He concluded by urging them to maintain high morale themselves, serve as role models for their subordinates, and observe the ethics of a good physician along with the codes

See Page - 21 ▸▸

---

■■ From Page - 20

humanitarian considerations and friendly relations between nations. Today, four Thai nationals detained from the Myawady-Shwe Kokko area were handed over through legal procedures via the Myanmar-Thailand Friendship Bridge No. (2). It is also reported that efforts continue to repatriate the remaining illegal foreigners to their respective countries, and they are being kept in good custody.

Additionally, to ensure that illegal foreigners do not reside and engage in online scam gambling activities in buildings in and around Myawady, Kayin State, a joint task force including security personnel, administrative bodies, and local authorities began search and clearance operations starting December 8. Today, 132 more buildings were inspected, and no items used for online scam gambling or illegal nationals were found inside these structures.

It is reported that the government is treating the crackdown on online scam gambling offenses as a national duty. They are committed to completely preventing such activities from taking root within Myanmar, not only through domestic forces but also by coordinating and collaborating with neighbouring governments, and will continue these efforts accordingly.

**100**

---

●● From Page - 20

Statistics, local people's militia troops and resident ethnic people destroyed blooming poppy plantations on 9 and 10 December. They destroyed 35 acres of 2.5 feet high poppy plantations in the field, some two miles southwest of Lonaung Village of Hsinchayphone Village-tract in Loilin Township, Shan State (South), 25 acres of 3.5 feet high poppy plantation, two miles southwest of Sanphu Village, 30 acres of three feet high plantation, three miles southwest of Taungnauk Village in Taungnauk Village-tract, and 25 acres of three feet high plantation, three miles and four furlongs west of the village, totalling 115 acres. A plan is underway to continue destruction of the poppy plantations.

**100**

Photo before destruction



Photo after destruction



Record of destruction of a 30-acre poppy field in Loilin Township, with plants about 3 feet tall and in bloom.

Photo before destruction



Photo after destruction



Record of destruction of a 25-acre poppy field in Loilin Township, with plants about 3.5 feet tall and in bloom.

# Further demolition of 10 buildings used for online scam gambling in KK Park area; continued clearance of buildings used for online scam gambling in Myawady and surrounding areas

NAY PYI TAW December 10


The Government of Myanmar is conducting clearance operations in illegal buildings within the Shwe Kokko and KK Park areas, where online scam gambling activities are most concentrated. Security force members, administrative organizations, and regional authorities, as part of a joint task force, are systematically demolishing and destroying seized assets used in online scam gambling operations and illegal structures.

As part of these ongoing efforts to combat online scam gambling, today, within the Myawady-Maehtawthalay (KK Park) area, in section (3) of the zone, 10 more illegal buildings used for committing online scam gambling were demolished. These include one four-storey building, one three-storey building, and eight two-storey buildings. Consequently, out of a total of 635 illegal buildings within the KK Park area, 361 have now been systematically demolished and destroyed.

Furthermore, to prevent the reuse of items employed for online scam gambling in KK Park and Shwe Kokko areas, these were systematically burned and destroyed today. Regarding foreigners arrested illegally in these areas, efforts are being made by relevant joint departmental teams to repatriate them to their respective countries as soon as possible, based on

See Page - 19 ■■

Before demolition | After demolition



A 4-story residential building illegally constructed within KK Park area (Section 3).



Burning and destroying equipment used for online scam gambling operations within the Shwe Kokko area.



Clearing out a building that could potentially harbor illegal foreign nationals.

## Combined teams destroy poppy plantations as one of plans to eradicate narcotic drugs

Destruction



Record of destruction of a 35-acre poppy field in Loilin Township, with plants about 2 feet tall and in bloom.

NAY PYI TAW December 10

Myanmar is actively conducting the narcotics eradication operations in cooperation with the United Nations, neighbouring countries, ASEAN member states, countries in the Mekong region, member countries of the BIMSTEC, and international drug control organizations. As part of these efforts, Myanmar is carrying out the destruction of poppy fields, which is one component of the broader anti-narcotics campaign.

In this regard, Tatmadaw members, Myanmar Police Force members, those from the relevant departments from the combined team including the General Administration Department, the Forest Department and the Department of Agricultural Land Management and

See Page - 19 ●●

# Graduating Honorary Dinner of DSMA Intake-26 held

NAY PYI TAW December 10

The graduating honorary dinner of the 26th Intake of the Defence Services Medical Academy was held at the assembly hall of the convocation of the DSMA in Yangon this evening and Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing graced the dinner.

Also present at the dinner were Daw Kyu Kyu Hla, the wife of the Senior General, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior military officers from the Office of the Commander-in-Chief and their wives, union-level officials and union ministers and their wives, commanders of regional military commands, the commandant of the DSMA and officers from the Mingalardon Station, parents and relatives of graduating officers and guests.

First, the Senior General cordially greeted the graduating officers one by one and the Senior General and party enjoyed dinner together with them.

After the dinner, the Senior General and party enjoyed the honorary performance of the DSMA military band and presented cash rewards for them.

Then, the Senior General and party, together with the graduating officers, enjoyed music presented by the Myawady Band under the Directorate of Public Relations and Psychological Warfare at the convocation hall. **100**



Senior General Min Aung Hlaing clinks glasses with graduate officers.

▸▸**From Page - 19**

of conduct of a good soldier.

He stated that the military medical officers willingly applied for and were competitively selected to attend the Defence Services Medical Academy (DSMA). He emphasized that since the time they were accepted into DSMA, the State and Tatmadaw invested heavily in time and resources to train and produce them, providing them with international-standard medical education. Therefore, he urged the graduating officers, who are valuable human resources for the State and Tatmadaw, not to let their goals—nor the expectations of the State, Tatmadaw, and their families—be destroyed by a momentary wrong decision. He encouraged them to uphold high standards of morale, ideology, integrity, discipline, and medical ethics in their practical duties, and build themselves into **"TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR,"** possessing a complete sense of camaraderie.

In building our country into a union based on federal democracy, it is important to not copy the systems of other countries and place the importance of the implementation of democratic and federal democracy aligned with our country. **Democracy system** means the government system chosen by the government, the essence of which is to carry out tasks in accordance with the will of the majority of the people but it is necessary to respect the will of the minority. **Federal democracy** means sharing the authorities and rights and it represents integration and harmony. As the election process is the essential process for the survival of the union based on democracy and federalism, the multi-party democracy general election will be held starting from 28 December.

Unlike previous elections, the upcoming election has three different features, the first one being the **electoral system.** The upcoming election is the combination of in addition to the First Past The Post- FPTP system the PR systems and the mixed member preoperational (MMP) system. Second one is **the voting system** using the Myanmar Electronic Voting Machines (MEVMs) by pressing a button at voting booths on election days. The third is **the pattern of the holding elections** and the elections will be held phase by phase based on security and management.

Therefore, battalions and that arrive to their assigned regions are seriously urged to play a role in holding the free and fair elections and allowing all eligible voters to cast their votes.

Everyone graduating officers are urged to continuously try to be physically efficient and capable medical scientists, to emphasize on providing medical protection and healthcare services to Tatmadaw personnel, to train oneself to be **Hero Physicians and Victorious Soldiers** by studying ever advancing medical science, to be efficient doctors whom can be relied upon by the country and the Tatmadaw by maintaining the traditions of the medical personnel.

After taking the salute from the cadet companies, the Senior General left the parade ceremony.

After the parade ceremony, the Senior General met with the cadets, who won outstanding awards, and their parents at the parlour of the headquarters of the DSMA and spoke words of honour.

In his praise of the outstanding cadets, the Senior General said that it's a pleasure to honour the award-winners together with their parents. The awards are the result of their uninterrupted efforts throughout the course they exerted with steadfast perseverance, diligence, and endeavor and vision and goal. As they could maintain the foundation of the efforts to pass the matriculation examination with high marks at the alma mater, they won the outstanding awards. Throughout their life, they must continue to uphold the good foundations to cement their vision and the hopes of their parents. The outstanding alumni of the alma mater are still dutifully serving the duties assigned by the State with constant efforts.

As the world is ceaselessly developing and changing they must try to catch up with the advancing age by constantly reading, applying and sharing.

They must understand and know the immense gratitude they owe to their parents and teachers who had nurtured and taught them from their childhood life till reaching the alma mater. They must pay back the praiseworthy gratitude they owe to the Tatmadaw and the State that had provided them with valuable intellectual and technological knowledge by observing the codes of conduct of an officer and physician's codes and exercising self-control to enhance their value to further improve themselves and ensuring dutifulness and faithfulness. They must be the reliable and trustful leaders for their subordinates in serving duties, properly divide the major duties and develop their life through tireless efforts.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိရာ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်း ဆောင်ရွက်ထားရှိသည့်ကျောက်စီမြေထိန်းနံရံနှင့် ရာသီသီးနှံစိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဒေသကြက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားများ၏စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ တာဝန်ရှိသူများက ကြိုးပမ်းသွားကြရန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်၍ သင်တန်းစင်တာအတွင်း ဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာအခြေခံသင်တန်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးသာယာမြို့ရှိ စွယ်တော်ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နှစ်စဉ် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် ဆွမ်းဆန်တော်နှင့် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းဝတ်စုံနှင့်ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သောကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ပင်းတယမြို့နယ်ကုံလုံစံကျောင်းသွားလမ်းခွဲမှ ကုံလုံစံကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်လမ်း ၁ မိုင် ၁ ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထား ပြုစုပျိုးထောင်ပေးသွားရန်၊ နိုင်ငံတော်မှအခမဲ့ပညာသင်ကြားပေးသည့် သာမက စားသောက်နေထိုင်ရေးကိစ္စများပါ တာဝန်ယူ ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးသွားကြရန်၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဝေးဝေးကရှောင်ရှားကြရန်၊ ယခုအရွယ်ကစတင်၍ ကိုယ်ခန္ဓာကျန်းမာအောင်၊ စိတ်ဓာတ်ကြံ့ခိုင်အောင် ပြုစုပျိုးထောင်ပေးကြရန်မှာကြား၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့မှ အောင်ပန်းမြို့ရှိ စက်မှုလက်မှုလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိရာ သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများနှင့်သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ




မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့ အစည်းအဝေးသဘောတူညီချက်များအား အတည်ပြုလက်မှတ်ရေးထိုးစဉ်။




မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့ အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှအရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကော်မတီဝင်ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ - ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်နိုင်ငံမှ ကော်မတီဝင်များက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌများက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားများ အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ - ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov တို့သည် အစည်းအဝေးသဘောတူညီချက်များအား အတည်ပြုလက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ အစည်းအဝေးသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

စုလှိုင် မာမီ၏ရင်ခွင်ကို တမ်းတခဲ့သည်။ မာမီ၏ရင်ခွင်ကြားတွင် မာမီလက်နွေးနွေးလေးများနှင့်ဖက်ထားသည်ကိုခံယူရင်း အိပ်စက်လိုခဲ့သည်။ မာမီ၏ ကိုယ်နံ့သင်းပျံ့ပျံ့လေးကို ရှူရှိုက်ရင်း မာမီကိုပြန်ဖက်ကာ နွေးနွေးထွေးထွေးကလေးအိပ်ရန် မျှော်လင့်ခဲ့သည်။ သို့သော် သူသည် မာမီနှင့်အတူ တစ်ခါမျှမအိပ်ခဲ့ရဖူးချေ။ သီးသန့်ခန်းတွင်သာ နာနီနှင့်အတူတူ အိပ်ခဲ့ရလေသည်။ တာဝန်ဝတ္တရားအရ လှုပ်ရှားနေသော နာနီ၏လက်ချောင်းအေးအေးများနှင့်သာ ထိတွေ့ခဲ့ရလေသည်။

'ဟော့ ဒီမှာ မာမီနဲ့အိပ်မလို့တဲ့'

ဒက်ဒီက လှမ်းပြောသောအခါ အိပ်ရာပေါ်မှမာမီက တံတောင်ဆစ်ကို အားပြု၍ထောက်ကာ ထထိုင်လေသည်။

ထွေးအိနက်မှောင်သောဆံပင်များသည် ပြေလျော့ကျနေသည်။ မာမီဝတ်ထားသော ညဝတ်အင်္ကျီလေးသည်လည်း ပါးလွှာလှသည်။ ပြာလဲ့လဲ့မီးရောင်လေးတွင် တိုးလျှိုပေါက်နီးပါးမြင်နေရသည်။ မည်သို့ပင်ဆိုစေ မာမီသည် အလှကြီးလှနေသည်ကို စုလှိုင်မှတ်မိသည်။ မျက်ရည်စများ မစင်သေးသော စုလှိုင်၏ ငိုမဲ့မဲ့မျက်နှာလေးကို မာမီကလှမ်းကြည့်ကာ ညည်းသလိုလိုပြောသည်။

'ဘာလာရှုပ်တာလဲ စုရယ်'

'မာမီနဲ့အိပ်မယ်'

'မာမီမအားဘူး စု၊ ဒက်ဒီနဲ့စကားပြောရဦးမယ်'

အိပ်ရာထဲတွင်အိပ်နေသောမာမီက မအားဘူးဟုပြောသည်ကို စုလှိုင်လေး လုံးဝနားမလည်နိုင်ချေ။ မာမီစကားကိုကြားသောအခါ၌ ဒက်ဒီ သဘောကျသလို ရယ်လိုက်သည်ကိုတော့ သတိထားလိုက်မိလေသည်။

'မာမီနဲ့အိပ်မယ်'

'အို တော်ကြာ သေးပေါက် ဘာပေါက်နဲ့ မရှုပ်စမ်းပါနဲ့ သမီးရယ် နာနီ နာနီ '

မာမီက အော်ခေါ်သောအခါ စုလှိုင်သည် ဒက်ဒီ၏လည်ပင်းကို အားကိုးတကြီးနှင့် တအားဖက်ကာ အသံကုန်အော်မိလေတော့သည်။

'နာနီနဲ့အိပ်ဘူး မာမီနဲ့အိပ်မယ်၊ နာနီနဲ့အိပ်ဘူး'

နက်မှောင်ပျော့ပျောင်းသော ဆံခွေလေးများသည် မာမီ၏နဖူးပြင်ပေါ်တွင် ဝဲကျနေသည်။ အပြာနုရောင်အခန်းထဲသို့ လျှပ်ရောင်တဝင်းဝင်းဝင်ရောက်လာသောအခါများတွင် မာမီ၏မျက်နှာလေးသည် ပို၍လင်းပြီး ပို၍လှသွားတတ်သည်။ စုလှိုင်ငယ်လှသေးသောကြောင့် မာမီ၏မျက်လုံးများကိုမူ အကဲမခတ်တတ်ခဲ့ချေ။

'ကလေးထွက်လာတာမသိဘူးလား နာနီ၊ ဂရုစိုက်မှပေါ့'

ဒက်ဒီသည် သူ့လည်ပင်းကိုဖက်တွယ်ထားသော စုလှိုင်၏လက်ချောင်းနုနုလေးများကို ဆွဲဖြုတ်ရင်း နာနီကို အပြစ်တင်သည်။ ထို့နောက် အိပ်ချင်မူးတူးနှင့် ထလာသော နာနီ၏ အေးစက်စက်လက်များထဲသို့ စုလှိုင်လေးကို ထည့်လိုက်သည်။ စုလှိုင်သည် နာနီ၏လက်တွင်း၌ ကော့ထိုးရုန်းကန်နေစဉ် ဝုန်းခနဲ ဒိုင်းခနဲမြည်ဟည်းသွားသော မိုးကြိုးသံကို ကြားရပြန်သည်။

စုလှိုင်ထင်သည်။ စုလှိုင်ကြီးပြင်းလာသောအခါ၌တွေးမိသည်။ ထိုအချိန်က ပစ်လိုက်သောမိုးကြိုးနှင့်မိုးရေများထဲတွင် စိုးရွံ့ခြင်း၊ အားငယ်ခြင်း၊ အထီးကျန်နိုင်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းဟူသော အမှောင်ရိပ်များ ပါလာသည်ထင်သည်။ သူ့နှလုံးသားငယ်ငယ်နုနုလေးကို ထိုအမှောင်ရိပ်များက စောင်မည်းကြီးလို လွှမ်းခြုံလိုက်လေသည်။

**"စုလှိုင်ထင်သည်။ စုလှိုင်ကြီးပြင်းလာသောအခါ၌တွေးမိသည်။ ထိုအချိန်က ပစ်လိုက်သောမိုးကြိုးနှင့်မိုးရေများထဲတွင် စိုးရွံ့ခြင်း၊ အားငယ်ခြင်း၊ အထီးကျန်နိုင်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းဟူသော အမှောင်ရိပ်များပါလာသည်ထင်သည်။ သူ့နှလုံးသားငယ်ငယ်နုနုလေးကို ထိုအမှောင်ရိပ်များက စောင်မည်းကြီးလို လွှမ်းခြုံလိုက်လေသည်. . ."**

စုလှိုင်သည် အော်ဟစ်မငိုတော့ပေ၊ လက်နက်ချအရှုံးပေးလိုက်သူလို နာနီ၏လက်ထဲ၌ ပါသွားရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။ တအင့်အင့်ရှိုက်ရင်း မာမီ၏အခန်းဆီမှ ပြာလဲ့လဲ့မီးရောင်လေးကို လည်ပြန်ပြီး တမ်းတမ်းတတကြည့်မိသည်။ စုလှိုင်ကြည့်နေစဉ်မှာပင် တံခါးရွက်များပိတ်သွားသည်။ ထို့နောက် ဂျက်ချသံကိုကြားရသည်။

စုလှိုင်လေး၏ရင်ထဲတွင် ဟာသွားလေသည်။

■ ■ ■ ■ ■

'ဇာတ်ကြီးဆယ်ဘွဲ့လေ သိတယ်မဟုတ်လား၊ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ တဲ့'

'တေက တေမိ၊ ဇက ဇနက္က၊ သုက သုဝဏ္ဏသာမ၊ နေက နေမိ၊ မက မဟော်သဓာ၊ ဘူက ဘာလဲဟင် မိသက်'

အမာညိုသည် လက်တစ်ချောင်းစီချိုးကာ ရေတွက်နေရင်း မျက်မှောင်ကုတ်သွားသည်။ ထို့နောက် သက်သက်ကို လှမ်းမေးသည်။

'ဘူရိဒတ်လေဟယ် နဂါးမင်း၊ ဘူရိဒတ်နဂါးမင်း၊ လူ့ပြည်လာပြီး ဥပုသ်စောင့်တာ'

'အဲ ဟုတ်သားပဲ၊ စန်က စန္ဒကုမ္မာရနော်၊ ဟုတ်ရဲ့လား၊ နာက နာရဒထင်တယ်၊ မသေချာဘူး၊ အဲဒါ ရသေ့လား ဘုရင်လား'

'သေချာမသိဘူးဟဲ့'

'အေးဟယ် အဲဒီအကြောင်း သေသေချာချာမသိဘူး၊ မေမေပြောပြတဲ့အထဲမှာ အဲဒီနာရဒအကြောင်းမပါသေးဘူး'

'ဟယ် အမာညို နင် ခုထိ ပုံနားထောင်တုန်းပဲလား'

'ဒါပေ့ါဟ အဲဒီဇာတ်ကြီးဆယ်ဘွဲ့စလုံး မေမေပြောပြတာတွေပေ့ါ၊ မေမေကြီးလည်း ပြောတတ်တာပဲ၊ မေမေကြီးပြောပြတာက ပိုကောင်းတယ်၊ ဟန်နဲ့ ပန်နဲ့ ကွက်စိပ်ဟောသလိုပြောပြတာ သိပ်ကောင်းတာပဲသိလား၊ မေမေကြီးက အဲဒီထဲက ဝေဿန္တရာဇာတ်ကို ကြိုက်တယ်တဲ့၊ ငါကတော့ မဟော်သဓာဇာတ်ကို ပိုကြိုက်တယ်'

စုလှိုင်သည် တွက်လက်စ သင်္ချာပုစ္ဆာကို ဆက်မတွက်ဖြစ်ဘဲ သူတို့နှစ်ဦးကို ငေးကြည့်နေမိသည်။ ဆရာမ မလာသောကြောင့် တစ်တန်းလုံး လွတ်လပ်ရေးရနေသည်။ စာမေးပွဲနီးပြီဖြစ်၍ စာကျက်နေကြရန် ဆရာမကြီးက လာရောက်ပြောကြားထားသည်။ ထို့ကြောင့် တစ်တန်းလုံး စာကျက်နေကြသော်လည်း အမာညိုနှင့် သက်သက်ကမူ စာကိုခဏသာ စိတ်ဝင်စားလိုက်သည်။ စာတစ်ပိုဒ်နှစ်ပိုဒ်ခန့်ကျက်ပြီးသောအခါ ဆီးပြားခိုးစားရင်း စကားဖောင်ဖွဲ့ကြတော့သည်။

'ဘာဖြစ်လို့'

'မဟော်သဓာက ပျော်ဖို့ကောင်းတယ်ဟ၊ ပညာစမ်းခန်းတွေကလည်း ကောင်းတယ်'

'ဘာလဲ လည်ရွဲပြဿနာတို့၊ နွားပြဿနာတို့၊ ရှားနှစ်တုတ်ပြဿနာတို့ကို ကြိုက်တာလား'

'အဲဒါတင်ဘယ်ကမလဲ၊ ဒုတိယတွဲမှာ သူတို့တိုင်းပြည်ကို ရန်သူလာဝိုင်းတဲ့အကြောင်း ပါသေးတယ်တဲ့ မေမေကြီးကပြောတယ်၊ မြို့ကိုဝိုင်းပြီး အစာရေစာပြတ်အောင်လုပ်ထားတော့ မဟော်သဓာက ဉာဏ်ဆင်တာ သိပ်ကောင်းတာပဲ သိလား'

'ဘယ်လို ဉာဏ်ဆင်လို့လဲ'

'ဝါးတွေကို အဆစ်ဖောက်ပြီး ကြာပင်စိုက်သတဲ့၊ ကြာဆိုတာ ရေမြင့်သလောက် မြင့်တယ်မဟုတ်လား၊ ဒီတော့ ကြာရိုးကြီးက ဝါးလုံးအရှည်အတိုင်း အရှည်ကြီးဖြစ်လာတာပေ့ါ၊ အဲဒီတော့မှ ကြာရိုးတွေကိုခွေပြီး ရန်သူဆီ ပစ်ပေးတယ်တဲ့၊ ငါတို့ဆီမှာ ဒီလောက်နက်တဲ့ရေကန်တွေရှိနေတာ ဘာပူရမှာလဲဆိုပြီး တစ်ပတ်ရိုက်လိုက်တာပေ့ါ'

'ဟား ဟား တော်တော်ဉာဏ်ကောင်းတယ်၊ အဲဒီအကြောင်းတွေ နင် ဘယ်ကသိ'


'မေကြီးပြောပြတာပေ့ါ'

စုလှိုင်သည် ပင့်သက်ကလေးရှိုက်ကာ ခေါင်းကိုငုံ့ထားလိုက်သည်။ အမာညိုပြောနေသည့်အကြောင်းအရာများကို သူလုံးဝမသိပေ။ သိရအောင်လည်း ပြောပြမည့်သူမရှိချေ။ မာမီကြီးသည် ရစ်ချတ်သခင်ကြီးနှင့် ဝန်ထောက်မင်း ဦးဘတင့်၏အကြောင်းကိုသာ ပြောပြတတ်သည်။ မာမီသည် စပိတ်၊ ဒိုင်းမွန်းနှင့်ဂျက်၊ ကင်း၊ ကွင်းများအကြောင်းကိုသာ သိလိမ့်မည်ထင်သည်။ ဒက်ဒီကမူ ဇာတ်ကြီးဆယ်ဘွဲ့သိဖို့နေနေသာသာ ဘုရားရှိခိုးကိုပင် မေ့နေမည်ထင်ပါသည်။ သိလျှင်လည်း စုလှိုင်ကို ပြောပြနိုင်လောက်အောင် အားလပ်ချိန်မရှိပေ။ အားလပ်ချိန်ရှိစေဦး၊ သိစေဦးတော့ စုလှိုင်ကိုပြောပြလိမ့်မည်လည်းမထင်ပါ။

**ဆက်လက်ဖော်ပြပါမည်။**

---

## မြန်အောင်မြို့နယ်ကုန်စိမ်းဈေးကွက်အတွင်း ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



မြန်အောင် ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ကုန်စိမ်းဈေးကွက်အတွင်း ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်တိုင်ထောင်ပဲသီးများကို ဒီဇင်ဘာလပထမပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၂၅၀၀ မှ ပိဿာ ၃၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ တစ်ရက်ကို ပိဿာ ၃၀၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိမှာ တိုင်ထောင်ပဲသီးတွေ အဝယ်လိုက်နေတဲ့အပြင် ဈေးပါကောင်းလာပါတယ်။ အခုလို ဒေသထွက်တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်းသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်" ဟု ဒေါ်ညိုညိုကပြောသည်။

မြန်အောင်မြို့နယ်၌ လက်ရှိတွင် တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ရာသီပေါ်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

သုတကျော်

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်





နေပြည်တော် ဒီဇင်ဘာ ၁၀

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံး၊ ပိုက်ကျော်ခြင်းကွင်းသွင်း ခြင်းခတ်၊ ပီတန်း၊ ကနူးလှေလှော်၊ တိုက်ကွမ်ဒို၊ ခရစ်ကက်နှင့် ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သက်ဆိုင်ရာအားကစားကွင်း/ရုံများ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၁၀၀၀ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၈၅၀ မှတ်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်သင်းက ရမှတ် ၅၄၀ မှတ်ဖြင့် တတိယနှင့် လာအိုအသင်းက ရမှတ် ၄၁၀ မှတ်ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

ယင်းနောက် ပိုက်ကျော်ခြင်း အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၈၈၀ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၇၉၀ မှတ်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၇၁၀ မှတ်ဖြင့် တတိယ၊ ဘရူနိုင်းအသင်းက ရမှတ် ၅၀၀ မှတ်ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Valaya Alongkorn Rajabhat Univerisity under the Royal Patronage (Bangkok)၌ ကျင်းပသည့်ပီတန်းပြိုင်ပွဲ ပီတန်းအမျိုးသမီး Shooting ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းမှ ခင်ချယ်ရီသက်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၄၃ မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၃၇ မှတ်ဖြင့် ပီတန်းအားကစားသမား ခင်ချယ်ရီသက်သည် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး ကနူးမီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ထိုင်းအသင်းက စံချိန် 01: 58 . 314 စက္ကန့်ဖြင့် ပထမ၊ မြန်မာအသင်းက စံချိန် 01: 58 . 773 စက္ကန့်ဖြင့် ဒုတိယ၊ ဗီယက်နမ်အသင်းက စံချိန် 02: 03 . 663 စက္ကန့်ဖြင့် တတိယတို့ အသီးသီးရရှိခဲ့ပြီး ကနူး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလှိုင်ဝင်းသည် မြန်မာနိုင်ငံအတွက် ဒုတိယ ငွေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

Free Style Mixed Team ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့က ပူးတွဲတတိယတို့ရရှိခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဒီဇင်ဘာလ ၁၀ ရက်ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် တစ်ခု၊ စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် နိုင်ငံအလိုက်အဆင့် ၅ တွင် ရပ်တည်နိုင်ခဲ့သည်။



ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ဦးပေါက်စက စင်ကာပူကစားသမားကို ၇၆-၁၀၀-၊ ၁၀၀-၈၃၊ ၁၀၀-၃၉၊ ၇၂-၁၀၀၊ ၁၀၀-၃၈မှတ်၊ ၃-၂ပွဲဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

Snooker 6-Red Singles ပြိုင်ပွဲတွင် နေမင်းထွန်းက Gabby Putra (အင်ဒိုနီးရှား)ကို ၄၄-၃၃၊ ၁၂-၄၄၊ ၁၂-၄၀၊ ၄-၃၉၊ ၃၉-၂၃၊ ၆၇-၁၊ ၄၅-၀၊ ၄၁-၃၄မှတ် ၅-၃ပွဲဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် (၈ဦးအဆင့်)သို့တက်ရောက်သွားပြီး ဒီဇင်ဘာလ ၁၁ ရက် **(ယနေ့)**တွင် Snooker 6-Red Singles ပြိုင်ပွဲ ကွာတားဖိုင်နယ် (၈ ဦးအဆင့် ပြိုင်ပွဲ)များကို နံနက် ၁၀ ချိန်တွင် အောင်ဖြိုးသည် Michael Angelo (ဖိလစ်ပိုင်)နှင့်လည်းကောင်း နေမင်းထွန်းသည် Siththideth (လာအို)နှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်မည်ဖြစ်ပြီးနံနက် ၁၀ နာရီခွဲတွင် မြန်မာ့လက်ရွေးစင်ဟော်ကီအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လွင်**

## မင်းဘူးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စက်ကိုင်များ ထပ်မံရှင်းလင်းခြင်း မွမ်းမံသင်တန်းဖွင့်

မင်းဘူး ဒီဇင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့၌ ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စက်ကိုင်များ ထပ်မံရှင်းလင်းခြင်း မွမ်းမံသင်တန်းကို ဒီဇင်ဘာလ ၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုရည်က မြန်မာအီလက်ထရောနစ်မဲပေးစက်ထိန်းချုပ်သူ မဲရုံတာဝန်ကျအဖွဲ့ဝင်များက မဲပေးစက်ကိုင်တွယ်နည်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို ထပ်မံရှင်းလင်းသင်ကြားပြသပေးပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊ အသုံးပြုရမည့်ပုံစံများကို ပြောကြားသည်။

အဆိုပါသင်တန်းကို ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ တက်ရောက်၍ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀၀ ဦးကို ဒီဇင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## ဒီဇင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၀

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဒီဇင်ဘာလ ဒုတိယ(၁၀) ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များလျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ်မိုးရွာသွန်းမှုဖြစ်စဉ်များပိုမိုဖြစ်ပေါ်လာခြင်း စသည့်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

**(မိုး/ဇလ)**

## မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "KAY THWE" Facebook အကောင့်နှင့် "စပ်စုစိန်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်းရပ်ကွက်နေ ကေသွယ်ဝင်း(ခ)စပ်စုစိန်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Zaw Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ ဇော်ဝင်းထွန်း(ခ)ဇော်ဝင်းအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**



◆ **ကျောဖုံးမှအဆက်**

ပထမပွဲငယ်တွင် မြန်မာအသင်းက ၂၄၇ မှတ်၊ ထိုင်းအသင်းက ၂၂၃ မှတ်ရရှိခဲ့ပြီး ဒုတိယပွဲငယ်အား ဆက်လက်ကစားရာ မြန်မာအသင်းက ၂၅၅ မှတ်၊ ထိုင်းအသင်းက ၂၂၃ မှတ်ရရှိခဲ့သည့်အတွက် မြန်မာအသင်းက ရမှတ် ၅၀၂ မှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက ရမှတ် ၄၄၆ မှတ်ဖြင့် ဒုတိယ၊ လာအိုအသင်းက ရမှတ် ၃၁၅ မှတ်ဖြင့် တတိယ ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ရယူပေး နိုင်ခဲ့သည်။

ထို့ပြင် ခြင်းလုံးအမျိုးသားပြိုင်ပွဲအသင်းလိုက် ဖိုင်နယ်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းက ၂၉၀ မှတ်၊ ထိုင်းအသင်းက ၂၄၆ မှတ်ရရှိခဲ့ပြီး ဒုတိယပွဲငယ်အား ဆက်လက်ကစားရာ မြန်မာအသင်းက ၂၈၄ မှတ်၊ ထိုင်းအသင်းက ၂၅၅ မှတ်ရရှိခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် စုစုပေါင်းရမှတ်အဖြစ် ထိုင်းအသင်းက ရမှတ် ၅၀၁ မှတ်ရရှိခဲ့ပြီး မြန်မာအသင်းက ရမှတ် ၅၇၄ မှတ်ရရှိခဲ့ကာ မြန်မာအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ လာအိုအသင်းက တတိယရရှိခဲ့ပြီး မြန်မာခြင်းလုံး အမျိုးသားအသင်းသည် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ထပ်မံဆွတ်ခူးရယူပေးနိုင် ခဲ့ကြောင်းသိရသည်။

**ကျော်လွင်**

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၀-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၉ | ၁၃ | ၁၀ | ၄၂ |
| ၂ | အင်ဒိုနီးရှား | ၅ | ၉ | ၇ | ၂၁ |
| ၃ | စင်ကာပူ | ၅ | ၄ | ၅ | ၁၄ |
| ၄ | ဗီယက်နမ် | ၄ | ၄ | ၁၆ | ၂၄ |
| ၅ | မြန်မာ | ၂ | ၄ | ၁ | ၇ |
| ၆ | မလေးရှား | ၂ | ၂ | ၉ | ၁၃ |
| ၇ | ဖိလစ်ပိုင် | ၂ | ၂ | ၉ | ၁၃ |
| ၈ | လာအို | ၁ | ၁ | ၆ | ၈ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်မဟုတ်သည့်နိုင်ငံများတွင် ပရိသတ်အားပေးမှုအများဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံရပ်တည်နေ




ရန်ကုန် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်မဟုတ်သည့် နိုင်ငံများတွင် ပရိသတ်အားပေးမှုအများဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံက ရပ်တည်နေ ကြောင်း သိရသည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားသည့် မြန်မာအသင်းက မလေးရှားအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် မြန်မာပရိသတ်များအနေဖြင့် အများအပြားလာရောက်အားပေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာပရိသတ်များအတွက် သတ်မှတ်ထားသည့်ပွဲကြည့်စင်အပြင် မြန်မာပရိသတ်များပြားခဲ့သည့်အတွက် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ပိတ်ထားသည့်ပွဲကြည့်စင်များကို ပြန်လည်ဖွင့်ပေးခဲ့ရသည်အထိ များပြားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းပွဲစဉ်များကို မြန်မာအသင်းပရိသတ်များ လာရောက်အားပေးမှုကို ထိုင်းနိုင်ငံမှ မီဒီယာများအပြင် ဗီယက်နမ်နိုင်ငံမှ မီဒီယာများကလည်း အံ့အားသင့်ခဲ့ရသည်ဟု ဖော်ပြခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ရေးအဆုံးအဖြတ်ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၁၁ ရက်တွင် ဗီယက်နမ်အမျိုးသမီးအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ACN**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲများကို ဒီဇင်ဘာလ ၁၃ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) လက်ဝှေ့ပြိုင်ပွဲများကို ဒီဇင်ဘာလ ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ONE ပြိုင်ပွဲများ ပုံမှန်ကျင်းပသည့် Lumpinee Boxing Stadium ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ ဆီးဂိမ်းလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသားလက်ဝှေ့အားကစားသမားများဖြစ်သည့် ရိုးရာလက်ဝှေ့ကျော် ရာမာန်၊ သွေးလင်းထက်၊ ထွန်းမင်းအောင်၊ ထွန်းမင်းနိုင်နှင့် ဆလိုင်းထန်ခွီးရှိန်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် မြန်မာအမျိုးသမီးရိုးရာလက်ဝှေ့မယ် နော်ဥမ္မာစိုးနှင့် မေသဇင်ထူးတို့နှစ်ဦးကလည်း အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို အိမ်ရှင်နိုင်ငံအဖြစ် ယခုအကြိမ်အပါအဝင် (၇) ကြိမ်မြောက်လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လူသစ်**

# မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း အုပ်စုနောက်ဆုံးပွဲစဉ်အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိ



ရန်ကုန် ဒီဇင်ဘာ ၁၀

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ဗီယက်နမ်အမျိုးသမီးအသင်းနှင့် ပွဲစဉ်မတိုင်မီ ဒီဇင်ဘာလ ၁၀ ရက်တွင် ထိုင်းနိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စု(ခ)ပထမပွဲစဉ်တွင် ဖိလစ်ပိုင်အမျိုးသမီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်တွင် မလေးရှားအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် လက်ရှိတွင် အုပ်စု(ခ)၌ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာ၌ ရပ်တည်နေပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၁၁ ရက်တွင် ဗီယက်နမ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**လူသစ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ မဲပေးစက်(MEVM) များ အင်စတို(စ်)လေးရှင်းပြုလုပ်နေမှုအား ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများတက်ရောက်ကြပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက Vedio Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို Power-point ဖြင့် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက မဲပေးစက်(MEVM)များ အင်စတို(စ်)လေးရှင်း ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။

ဎင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသူ/နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်းနှင့် ၆၆ လမ်းထောင့်၊ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၊ မန္တလေးဈေးချိုတော်နှင့် ဆေးတက္ကသိုလ်(မန္တလေး) တို့တွင် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင် ကမ်ပိန်း ပြုလုပ်၍ လမ်းသွား/လမ်းလာ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား "ဒို့အတူ မဲပေးကြမည်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" သတင်းစကားပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ကြီးမြို့နယ်တွင် မဲရုံပေါင်း (၁၉၀) ရုံ၊ လွှတ်တော်(၃)ရပ်နှင့် တိုင်းရင်းသားလူမျိုး (၄)မျိုးတို့အတွက် MEVM မဲပေးစက် (၁၄၁၈) လုံး အသုံးပြုမည်ဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဖြစ်သည့် တောင်ကြီးတက္ကသိုလ်မှ ဆရာ/ ဆရာမများ၊ တောင်ကြီးနည်းပညာတက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ခရိုင်၊ မြို့နယ်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါ မဲပေးစက်(MEVM) များအား အင်စတို(စ်)လေးရှင်း ပြုလုပ်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထိုင်းပူးပေါင်းတပ်ဖွဲ့က ကမ္ဘောဒီးယားစခန်း တစ်ခုကို တိုက်ခိုက်ဟုဆို

**ဘန်ကောက်၊ စစ်ရေး**

ထိုင်းပူးပေါင်းတပ်ဖွဲ့သည် ဆာကောင်းပြည်နယ်ရှိ ဘန်နောင်ချန်းဒေသမှနေ၍ ကမ္ဘောဒီးယားနယ်စပ်ရှိကမ္ဘောဒီးယားစစ်စခန်းတစ်ခုကို F-16 တိုက်လေယာဉ်တစ်စင်းအသုံးပြု၍လေကြောင်းမှတိုက်ခိုက်မှုတစ်ခုလုပ်ဆောင်ကြောင်း ထိုင်းအမှတ်(၁) ကြည်းတပ်နယ်မြေကွပ်ကဲမှုဌာနချုပ်က ဒီဇင်ဘာလ ၁၀ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါပူးပေါင်းတိုက်ခိုက်မှုကို ကြည်းတပ်၏အထူးတပ်ဖွဲ့နှင့် လေတပ်တို့က လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ အလားတူ ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြားဖြစ်ပွားနေသည့် စစ်ပေါင်ကျယ်လာချိန်တွင် တော်ဝင်ထိုင်းရေတပ်ကလည်း ချမ်းသာဘူရီ-ထရတ်နယ်စပ်ကိုကာကွယ်နိုင်ရေးအတွက် ရေတပ်၊ ကြည်းတပ်နှင့် လေတပ်တို့မှတပ်ဖွဲ့များကို နေရာချထားသည်ဟု ပြည်တွင်းသတင်းဌာနများက ဖော်ပြထားသည်။

ထို့ပြင် ရေတပ်မှကင်းလှည့်သင်္ဘောများသည် ထိုနယ်မြေအတွင်းအချိန်ပြည့် ကင်းလှည့်မှုများနှင့် စောင့်ကြည့်မှုများကို လုပ်ဆောင်နေကြောင်း၊ ငါးဖမ်းသင်္ဘောများကိုလည်း ကမ္ဘောဒီးယားရေပိုင်နက်ထဲသို့ မဝင်သွားရန်သတိပေးထားကြောင်း၊ ကမ္ဘောဒီးယားစစ်သင်္ဘောများကိုတွေ့ရှိပါကသတင်းပေးပို့ရန်တိုက်တွန်းထားကြောင်း သိရသည်။

**Ref: Xinhua**

## အိန္ဒိယနိုင်ငံ၏ ဒီပါဝလီပွဲတော် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခံရ



**နယူးဒေလီ၊ ယဉ်ကျေးမှု**

အိန္ဒိယနိုင်ငံ၏ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီပွဲတော်က ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခံလိုက်ရပြီဖြစ်ကြောင်း ထိုအဖွဲ့က ဒီဇင်ဘာလ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။

ကုလသမဂ္ဂ၏ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း ယူနက်စကိုသည် အိန္ဒိယနိုင်ငံ၏သမိုင်းဝင်အဆောက်အအုံဖြစ်သော ခံတပ်နီ၌ကျင်းပသည့် အကြိမ် ၂၀ မြောက် ယူနက်စကိုအစိုးရအဖွဲ့ဆိုင်ရာကော်မတီ၌ ယခုဆုံးဖြတ်ချက်ကို ကြေညာခြင်းဖြစ်သည်။

ထို့နောက် ယူနက်စကိုအဖွဲ့၏အဆိုပါဆုံးဖြတ်ချက်နှင့်ကြေညာချက်ကို ကြိုဆိုကြောင်း၊ ဒီပါဝလီပွဲတော်က ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်သွားခြင်းသည် ထိုပွဲတော်ကိုကမ္ဘာသိထင်ရှားစေမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီကပြောသည်။

ထို့ပြင် ဒီပါဝလီပွဲတော်သည် ပြည်သူများကိုဗဟိုပြုသည့်ပွဲတော်ပုံစံဖြစ်ကြောင်း၊ ထိုပွဲတော်တွင် လူသန်းပေါင်းများစွာက ပါဝင်ဆင်နွှဲကြကြောင်း၊ ထိုသို့ပါဝင်ဆင်နွှဲသူများတွင် ရိုးရာဆီမီးခွက်ပြုလုပ်သူများ၊ ရိုးရာအလှဆင်သည့် အနုပညာရှင်များ၊ လယ်သမားများ၊ မုန့်ချိုပြုလုပ်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အခြားသောပြည်သူများအားလုံးပါဝင်ကြောင်း ဖက်ဒရယ်ယဉ်ကျေးမှုဝန်ကြီး ဂါဂျန်ဒရာဆင်းရှီခါဝက်ကပြောသည်။

**Ref: Xinhua**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀၀ ကျော် အထိရှိလာ

**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက်သည် အယောက် ၄၀၀ ကျော်အထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် ယခုနှစ်အတွင်း နိုင်ငံ၌သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၈၇၀၅ ဦးရှိကြောင်း၊ ၎င်းတို့အနက်လူ ၄၀၁ ဦးသေဆုံးခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သေဆုံးသူအရေအတွက်သည် နိုဝင်ဘာလတွင်အများဆုံးဖြစ်ပြီး ၁၀၄ ဦးအထိရှိကြောင်း၊ အောက်တိုဘာလတွင်အယောက် ၈၀ နှင့် ဒီဇင်ဘာလတွင် ၁၉ ဦးရှိကြောင်း၊ အလားတူ နိုဝင်ဘာလတွင် ရောဂါကူးစက်ခံရသူ ၂၄၅၃၅ ဦးအထိရှိကြောင်း၊ ရောဂါနှိမ်နင်းရေးအတွက် ကျန်းမာရေးတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref: Xinhua**




ညအိပ်ထွက်ရန် အဆင်မပြေသူများ၊ အချိန်ပြည့်
စခန်းမဝင်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း မရသေးသူများ၊
အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံရလိုသူများ၊
တရားစခန်းဝင်ချိန်မှာငြိမ်းအေးပြီး၊ အိမ်ပြန်ရောက်၍ နေ့စဉ်ဘဝမှာ
လုပ်ကိုင်စားသောက်ရာ၌ ပူပူဆူဆူဖြစ်နေသူများ၊
နေ့စဉ်ဘဝမှာပါ ငြိမ်းအေးချမ်းသာအောင်မြင်ပြီး
"သံသရာဒုက္ခ" မှ ထွက်နည်းရလိုသူများအတွက်
လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတပည့်ကမ္မဋ္ဌာနာစရိယများ ပြသပေးသော
လယ်တီ-နေ့(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း
ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ ဝဇ္ဇုတ္တာရုံမှာ လစဉ် အင်္ဂလိပ်(၁၅)ရက်မှ (၂၄)ရက်ထိ
နေ့လယ် (၁၂:၃၀) မှ (၄:၁၀) နာရီအတွင်း လာရောက်နာယူအားထုတ်နိုင်ပါသည်။
ဆက်သွယ်ရန်-ဆရာဦးစိုးနိုင်(လယ်တီကမ္မဋ္ဌာနာစရိယ) ၀၉-၂၅၈၉၁၄၄၁၃

**ပျောက်ဆုံးကြောင်း**
ဇင်လင်းထွန်း(ဘ)ဦးတင်ဝင်း ၈/မသန(နိုင်)၁၀၀၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်အိအိငြိမ်း(ဘ)ဦးထွန်းငြိမ်း ၁၃/ကလန(နိုင်)၀၅၅၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 025102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြင့်မိုရ်အောင်(ဘ)ဦးသာဝင်း ၆/ပလန(နိုင်)၀၅၁၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၁၉၈၃၃၂၃

**ပျောက်ဆုံးကြောင်း**
အနုဝါဂျစ်(ခ)သိန်းလွင်(ဘ)ဦးမူဆလင်ခန့် ၁၂/ဒပန(နိုင်)၀၇၁၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၆၉၃၇၈၆

**ပျောက်ဆုံးကြောင်း**
အောင်မြတ်ဝင်း(ဘ)ဦးသူလူး ၁၂/သဃက(နိုင်)၁၈၅၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၀၀၇၂၉၁


# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများအား ပူးပေါင်းအဖွဲ့များဖြင့် ဖျက်ဆီးရှင်းလင်း

လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၃ ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၃၀ )ကေကို ဖျက်ဆီးမှုမှတ်တမ်း

ဖျက်ဆီးနေမှု




လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၃ ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၃၀ )ကေကို ဖျက်ဆီးမှုမှတ်တမ်း

မဖျက်ဆီးမီပုံ



ဖျက်ဆီးပြီးပုံ



လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၂ ပေခွဲခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၃၅ )ကေကို ဖျက်ဆီးမှုမှတ်တမ်း

မဖျက်ဆီးမီပုံ



ဖျက်ဆီးပြီးပုံ



လွိုင်လင်မြို့နယ်အတွင်းရှိ အမြင့် ၃ ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း( ၂၅ )ကေကို ဖျက်ဆီးမှုမှတ်တမ်း

ဖျက်ဆီးနေမှု




**နေပြည်တော်　ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့်ဘိန်းခင်းများဖျက်ဆီးမှုကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့အပါအဝင် ဆက်စပ်ဦးစီးဌာနများပါဝင်သောပူးပေါင်းအဖွဲ့များ၊ နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၉ ရက်နှင့် ယနေ့တို့တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ဆင်ခြေဖုံးကျေးရွာအုပ်စု၊ လုံအောင်ကျေးရွာ၏အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာရှိ အမြင့် ၂ ပေခွဲ သီးပွင့်ဆဲဘိန်းခင်း ၃၅ ကေအားလည်းကောင်း၊ စံဖူးကျေးရွာ၏အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာရှိ အမြင့် ၃ ပေခွဲ၊ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ကေအားလည်းကောင်း၊ တောင်နေခက်ကျေးရွာအုပ်စု၊ တောင်နေခက်ကျေးရွာ၏ အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာရှိ အမြင့် ၃ ပေ သီးပွင့်ဆဲ ဘိန်းခင်း ၃၀ ကေနှင့် ကျေးရွာ၏အနောက်ဘက် ၃ မိုင် ၄ ဖာလုံခန့်အကွာရှိ အမြင့် ၃ ပေ သီးပွင့်ဆဲ ဘိန်းခင်း ၂၅ ကေအားလည်းကောင်း၊ စုစုပေါင်းဘိန်းခင်း ၁၁၅ ကေတို့အား သွားရောက်ဖျက်ဆီးခဲ့ကြောင်းနှင့် ဘိန်းခင်းဖျက်ဆီးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


**MWD Education, Knowledge & Sports Channel**

၁၁-၁၂-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade - 8 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၆:၄၀ Grade - 8 သင်္ချာ(၁)၊ သင်္ချာ(၂)၊ ပထဝီဝင်
၃။ ၁၆:၄၀ - ၁၇:၄၅ Grade - 8 သမိုင်း၊ သိပ္ပံ

**MWD Variety Channel**

၁၁-၁၂-၂၀၂၅(ကြာသပတေးနေ့)

၁။ ၁၀:၄၀ ဖန်တီးသူတို့အနုပညာ
၂။ ၁၁:၃၅ ကဗျာအလှရသလွှင်ပြင်
၃။ ၁၂:၄၅ Variety Choice
၄။ ၁၆:၄၅ သတိမမူ ဂူမမြင်
၅။ ၂၁:၁၀ မှတ်တမ်းအစီအစဉ်
(အပြည်ပြည်ဆိုင်ရာတောင်တန်းနေ့)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့်ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ ထပ်မံရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ်အဆောက်အအုံ ၁ လုံး၊ ၃ ထပ်အဆောက်အအုံ ၁ လုံးနှင့်၂ ထပ်အဆောက်အအုံ ၈ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၆၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နှင့်ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသား ၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်းအဆောက်အအုံ ၁၃၂ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက် အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် တရားမဝင်နိုင်ငံသားများတွေ့ရှိခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)






ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။












KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ဂိုဒေါင်အား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာပိတ်ရက်တိုးမြှင့်သတ်မှတ်ကြောင်းကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အမှုထမ်း(၂၈)နေရာအတွက် လျှောက်လွှာခေါ်ယူမှုကို ၃၁-၁၀-၂၀၂၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ၁-၁၁-၂၀၂၅ ရက်နေ့ မြဝတီသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့ပြီး လျှောက်လွှာပိတ်ရက်ကို ၅-၁၂-၂၀၂၅ ရက်နေ့ သတ်မှတ်ခဲ့ပါသည်။

၂။ အဆိုပါကြော်ငြာတွင် ပါရှိသောလျှောက်လွှာပိတ်ရက် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)အစား ၁၆-၁-၂၀၂၆ ရက်(သောကြာနေ့)အထိ တိုးမြှင့်သတ်မှတ်ပါသည်။ ရေးဖြေဖြေဆိုမည့်နေ့ရက်နှင့် အချိန်အား www.monp.gov.mm Website တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ယာဉ်မောင်း(၅)ရာထူးနှင့် လုံခြုံရေး(၅)ရာထူးတို့အတွက် လုပ်ငန်းအတွေ့အကြုံအရ အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်ဖြစ်ပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

## Trademark Announcement

YUNG CHI PAINT & VARNISH MFG. CO., LTD. of No. 26, YENHAI 3RD RD., SIAOGANG DISTRICT, KAOHSIUNG, the Chinese-Taipei

is the Manufacturer and Sole Proprietor of trademark:

# FIRECUT

**(Reg. No. IV/4613/2022)**

For Paints; varnishes.

Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law by our legal representative.

By **Ageless IP Attorneys & Consultants**

Tel: 84-24 3557 5599

Dated: 11-12-2025

### ပျောက်ဆုံးကြောင်း
ထန်းတပင်မြို့နယ်၊ ကွဲကူးကျေးရွာနေ မောင်ဖြိုးကျော်ကျော်(ဘ)ဦးတင်လက် ၁၂/ထတပ(နိုင်)၀၉၀၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဖြူးမြို့၊ ဖြူးအရှေ့၊ ဆေးရုံပိုင်းနေ ဘီဂျေးကူမာရ်(ဘ)ဦးရမ်းပရာဆတ် ၇/ဖမန(နိုင်)၁၈၆၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 414632) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)၊ ကျောက်လုံးကြီး၊ ပဒုမ္မာလမ်းနေ ဝင်းနိုင်ဦး (ဘ)ဦးဖိုးညွန့်ဦး ၁၃/ကခန(နိုင်)၀၈၂၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၀၅၈၈၈၈

## BEST MYANMAR NATIONAL TOURISM PUBLIC COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈(င)အရ အပြီးသတ် နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ၁၅-၁၂-၂၀၂၅ ခုနှစ်၊ နံနက် ၁၀ နာရီတွင် အောက်ဖော်ပြပါ Zoom meeting link အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Meeting ID –818 5859 6254

https://us05web.zoom.us/j/81858596254?pwd=dkFbkBa4SbVQb
Yeh QXLOyM275R7KUc.1

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြပြီး ကုမ္ပဏီကို အပြီးတိုင်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| Daw Esther Myat Htwe | U Maung Maung Myint |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | Managing Director |
| Best Myanmar National | Best Myanmar National |
| Tourism Public Co.,Ltd. | Tourism Public Co.,Ltd. |

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
ရေစကြိုမြို့နယ်၊ ရွာသစ်(၄)ကျေးရွာနေ အဘဦးမင်းဆွေဝင်း၏သမီး မနန်းအိအိဝင်း၏အမည်နှင့် မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်အမှတ် ၅၉၇ အရ မဆုရတီဝင်း(၁၁-၅-၂၀၁၀)ဖြစ်ပါကြောင်း။ **မဆုရတီဝင်း(၁၁-၅-၂၀၁၀)**

### အမည်မှန်
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း Grade-4 မှ (ဘ)ဦးချစ်ထွေး၏သား မောင်အောင်ဘုန်းခန့်၏အမည်မှန်မှာ မောင်အောင်ဖုန်းခန့်ဖြစ်ပါကြောင်း။
**မောင်အောင်ဖုန်းခန့်**

### ပျောက်ဆုံးကြောင်း
မောင်သိန်းဇော်ဦး(ဘ)ဦးအောင်သန်းနေ ၁၃/ကတန(နိုင်)၁၅၂၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 511436)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၁၁၆၀၁၄၂

### ပျောက်ဆုံးကြောင်း
လှိုင်လင်မြို့၊ မိုင်းပွန်၊ ဝမ်ဟွေရပ်နေ မျိုးနိုင်ဦး(ဘ)မောင်တင်ရွှေ ၁၃/လလန(နိုင်)၀၅၄၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု)၊ ၂၀၂၅ ပညာသင်နှစ်၊ စပ-၆၉(၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မသင်းချယ်ရီဝေနှင့် မသင်းချယ်ရီလှိုင် ၁၃/ကတန(နိုင်)၁၉၁၇၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မသင်းချယ်ရီဝေ(ခ)မသင်းချယ်ရီလှိုင်**

### ပျောက်ဆုံးကြောင်း
မစုညာဏ်လင်း(ဘ)ဦးအောင်ဝင်းဦး ၁၀/ပမန(နိုင်)၂၀၀၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဦးမြင့်ဟန်(ဘ)ဦးသန်း ၉/မရတ(နိုင်)၁၁၃၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 598298)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဒေါ်လွန်းမေ(ဘ)ဦးလုခင် ၁/မကန(နိုင်)၀၃၇၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 568280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၉၆၈၉၈၅၉

### ပျောက်ဆုံးကြောင်း
မောင်အောင်ကျော်သိန်း(ဘ)ဦးလွန်းရှိန် ၁၀/သဖရ(နိုင်)၁၃၄၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၈၆၀၀၈၈

### ပျောက်ဆုံးကြောင်း
မောင်ရဲမင်းအောင်(ဘ)ဦးမောင်အေး ၁၀/သဖရ(နိုင်)၁၄၁၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၈၆၀၀၈၈

### ပျောက်ဆုံးကြောင်း
မိဇင်မာစိုး(ဘ)ဦးမြင့်ရွှေ ၁၀/ပမန(နိုင်)၂၂၄၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၅၇၂၅၇၆

## BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ
## BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

၁။ "BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED"၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့ နံနက် (၁၀:၃၀)နာရီတွင် အမှတ်(၃၀၃၈)၊ တောင်ကြီး(၁)လမ်း၊ ရတနာ့သိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

### အမည်ပြောင်း
အထက(၁၀)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-2 မှ ဦးရဲဝင်း ၁၄/ပသန(နိုင်)၀၂၈၃၄၁ ၏သား မောင်စိုင်းသူရအောင်အား မောင်ရဲသူရထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရဲသူရထက်**

### ပျောက်ဆုံးကြောင်း
ပိုင်သုခချမ်း(ဘ)ဦးမင်းအောင်နိုင်ချမ်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထက်သူခင်(ဘ)ဦးစောဂျော်နီ ၁၃/လကန(နိုင်)၀၁၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၇၂၃၂၇

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ဥမ္မာအေး(ဘ)ဦးဉာဏ်သိန်း ၉/မကန(နိုင်)၁၀၆၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ထက်ထက်ဝေ(ဘ)ဦးကျော်မြင့်ဦး ၉/မကန(နိုင်)၁၇၃၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 727128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သဇင်အောင်(ဘ)ဦးဝင်းလှိုင် ၁၃/ကလန(နိုင်)၁၄၄၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 105310)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အိမ်မိုးဦး(ဘ)ဦးမင်းဇော်ဦး ၁၂/မဂဒ(နိုင်)၁၅၀၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 163910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

### ပျောက်ဆုံးကြောင်း
ဖြိုးဝင်းသော်(ဘ)ဦးကျော်ဝင်း ၁၂/စခန(နိုင်)၀၆၉၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နန်းမြအောင်(ဘ)ဦးလိုင်းဆိုင်အောင် ၁၃/လရန(နိုင်)၁၀၀၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဘုန်းပြည့်ဇေယျာ(ဘ)ဦးကျော်ဇေယျာထွေး၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 529358)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အစုရှယ်ယာလျှော့ချခြင်း
၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "YAE KYAW COMPANY LIMITED" ဒါရိုက်တာအဖွဲ့၏ အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား ကျပ်သိန်း 150,000,000/-(ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)မှ ကျပ်သိန်း 10,000,000 (ကျပ်သိန်းတစ်ရာ)တိတိသို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။
**YAE KYAW COMPANY LIMITED**

### ပျောက်ဆုံးကြောင်း
သိင်္ဂီညွန့်(ဘ)ဦးတင်ထွန်းသူ ၁၂/မဘန(နိုင်)၂၁၄၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 554427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သန္တာဦး(ဘ)ဦးစောတာ(ခ)မောင်အောင် ၁/ဝမန(နိုင်)၀၃၇၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 554428)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
တင်ထူးအောင်(ဘ)ဦးတင်ထွန်းသူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 553275)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇


မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ

(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။


### ပျောက်ဆုံးကြောင်း
ကျော်ကျော်ရှိန်(ဘ)ဦးအောင်ရှိန် ၁၂/ဥကမ(နိုင်)၁၄၇၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၆၆၃၃၅၉

### ပျောက်ဆုံးကြောင်း
အေးဆိုင်(ဘ)ဦးအိုက်မွန်း ၁၃/ကခန(နိုင်)၀၉၂၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

### ပျောက်ဆုံးကြောင်း
ဘုန်းပြည့်ဇေယျာ(ဘ)ဦးကျော်ဇေယျာထွေး၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 529358) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၈၇၆၆

### ပျောက်ဆုံးကြောင်း
ထွေးငယ်(ဘ)ဦးပေါင်ခိုဆေး ၅/တမန(နိုင်)၀၆၈၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြတ်နိုးထက်ပိုင်(ဘ)ဦးကိုကိုနိုင် ၁၄/လမန(နိုင်)၁၃၃၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၉၇၀၅၃၁

### ပျောက်ဆုံးကြောင်း
ဖူးဝေ(ဘ)ဦးရဲထိန် ၁၂/ရပသ(နိုင်)၀၉၀၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 517506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၆၆၇၄၆၀

### ပျောက်ဆုံးကြောင်း
ဖွေးပပကျော်(ဘ)ဦးရဲဝင်း ၈/ဂဂန(နိုင်)၁၃၅၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 111116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သုမန(ဘ)ဦးထွန်းရွှေသာ ၁၀/သဖရ(သ)၀၀၁၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၄၁၅၁၃၂၇

**ပျောက်ဆုံးကြောင်း** ဝင်းဝင်းဆင့်(ဘ)ဦးစိန်ညွန့် ၁၂/လမတ(နိုင်)၀၁၆၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၂၅၆၂၄

**ပျောက်ဆုံးကြောင်း** နန်းဥမ္မာအေး(ဘ)ဦးအောင်မိုးလွင် ၁၀/မဒန(နိုင်)၂၂၅၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၁၀၈၁၂၉

**ပျောက်ဆုံးကြောင်း** တေဇာအောင်(ဘ)ဦးစိုးလွင် ၇/ရတန(နိုင်)၁၃၄၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၉၀၃၇၆၀


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
NAYPYITAW


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA

❖ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ် . . .

❖ မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင်ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော် ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်

စာမျက်နှာ ၅ ကော်လံ ၁ ■

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်

စာ - ၂၄ သို့

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်မဟုတ်သည့်နိုင်ငံများတွင် ပရိသတ်အားပေးမှုအများဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံရပ်တည်နေ

စာ - ၂၅ သို့

## မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း အုပ်စုနောက်ဆုံးပွဲစဉ်အတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိ

စာ - ၂၅ သို့

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘိန်းခင်းများအား ပူးပေါင်းအဖွဲ့များဖြင့် ဖျက်ဆီးရှင်းလင်း

စာ - ၂၇ သို့

# မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်နှစ်ဆုကို ရိုးရာခြင်းလုံးပြိုင်ပွဲတွင် အမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့ ဆွတ်ခူးခဲ့



နေပြည်တော် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃) ကြိမ်မြောက် ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်နှစ်ဆုကို ရိုးရာခြင်းလုံးပြိုင်ပွဲတွင် အမျိုးသမီးအသင်းနှင့်အမျိုးသားအသင်းတို့ ဆွတ်ခူးပေးနိုင်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sport Center ၌ ကျင်းပလျက်ရှိသည့် ခြင်းလုံးအမျိုးသမီးပြိုင်ပွဲအသင်းလိုက် ဖိုင်နယ်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ

စာမျက်နှာ ၂၅ ကော်လံ ၁ ◆